၃၅၀ိ/-

# ပုဂံဘုရားပုထိုးများ



ဒုတိယတွဲ

# ပုဂံဘုရားပုထိုးများ

# ပုဂံဘုရားပုထိုးများ

ဦတယစွဲ

၁၉၉၆ ခုနှစ်၊ ဧပြီလ၊ အုပ်ရေ ၄၀၀၀

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ထုတ်ဝေ၍
ဂျီ- တီ- စီ ပုံနှိပ်စက်ရုံတွင် အရောင်ခွဲ၍ ပုံနှိပ်သည်။

# အမှာ

ပုဂံသည် မြန်မာတို့၏ နှလုံးသည်းပွတ်ဖြစ်ပါသည်။ ပုဂံသည် မြန်မာလူ့အဖွဲ့အစည်း၏ ဂုဏ်ကျက်သရေကိုဆောင်သော ကြေးမုံလည်းဖြစ်ပါသည်။ ပုဂံကို သမုဒ္ဒရာဇ်မင်းသည် အေဒီ ၁ ရာစုနှင့် ထူထောင်တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ပုဂံသက်တမ်းမှာ အနှစ် ၂၀၀၀ ခန့်ရှိနေပြီဖြစ်ပါသည်။

တိုင်းကျိုးပြည်ပြုမင်းတစ်ပါးဖြစ်သော အနော်ရထာမင်းကြီးသည် (အေဒီ ၁၀၄၄–၁၀၇၇) ပုဂံ၌ ထီးနန်းစိုးစံစဉ် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်တော်မူခဲ့သည်။ ထို့အပြင် မင်းကြီးသည် မြန်မာနိုင်ငံသားတို့အဖို့ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကိုပေးနိုင်သောစစ်မှန်သည့်ထေရဝါဒ ဗုဒ္ဓဘာသာကို ရှင်အရဟံမထေရ်မြတ်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပြုစုမျိုးထောင်ကာ စည်ပင်ပြန့်ပွားစေခဲ့ပါသည်။

ဘိုးဘွားအမွေအနှစ်များကို မြတ်နိုးတတ်ခြင်းသည် မျိုးချစ်စိတ်ဓာတ်၏ အခြေအနေကို ပြခြင်းပင်ဖြစ်ပါသည်။ ဘိုးဘွားအမွေအနှစ်ကို ချစ်မြတ်နိုးကြကုန်သော မြန်မာနိုင်ငံသားအားလုံးကို ပုဂံရှိ ဘိုးဘွားအမွေအနှစ်များဖြစ်ကြသည့် ဘုရားပုထိုးများအကြောင်း ဗဟုသုတများရရှိစေရန် ပုဂံဘုရားပုထိုးများစာအုပ် (ဒုတိယတွဲ) ကို ပြန်ကြားရေးဝန်ကြီးဌာနက ပြုစုထုတ်ဝေခြင်းဖြစ်ပါသည်။

ဝင်စစ် ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့ ညနေခင်းက မန္တလေးမြို့၊ နန်းတွင်းရတနာပုံ ညောင်ရိပ်သာ မြက်ခင်းပြင်၌ ကျင်းပသော ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)၊ ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်က ဤအမှာစာရေးသားသူအား ပုဂံဘုရားပုထိုးများ စာတ်ပုံစာအုပ်ကို ကောင်းမွန်သေသပ်စွာ စီစဉ်ထုတ်ဝေရန် တာဝန်ပေးအပ်လိုက်ခြင်းက အစပြု၍ အချိန်ယူဖြည့်ဆည်းဆောင်ရွက်ခဲ့ရာမှ ဤဓာတ်ပုံစာအုပ်ဖြစ်မြောက်လာရပါသည်ဟု ဝန်ခံဖော်ပြအပ်ပါသတည်း။ ။


(သိန်းစိန်)

ဒုတိယဝန်ကြီး

ပြန်ကြားရေးဝန်ကြီးဌာန

၁၉၉၆ ခုနှစ်၊ ဧပြီလ (၃၀) ရက်။

# ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ မြေပုံ



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရွှေစည်းခုံဘုရား | ၃ |
| ၃။ | ကျန်စစ်သားဥမင် | ၄၁ |
| ၄။ | သူငွေမှခံရှုဘုရား | ၄၆ |
| ၅။ | ဆပဒစေတီ | ၅၃ |
| ၆။ | ဝက်ကြီးအင်း ဂူပြောက်ကြီး | ၅၇ |
| ၇။ | ဝက်ကြီးအင်း ဂူပြောက်ငယ် | ၆၁ |
| ၈။ | သကျမှနိဘုရား | ၆၅ |
| ၉။ | ကုန်းတော်ကြီးဘုရား | ၇၅ |
| ၁၀။ | ကျောက်ဂူဥမင် | ၈၀ |
| ၁၁။ | သမီးဝှက်နှင့် မြားသဥမင် | ၉၂ |
| ၁၂။ | ငှက်ပစ်တောင်စေတီ | ၁၀၀ |
| ၁၃။ | ရှင်အရဟံအုတ်ကျောင်း | ၁၀၄ |
| ၁၄။ | အလိုတော်ပြည့်ဘုရား | ၁၀၇ |
| ၁၅။ | ဥပါလိသိမ် | ၁၁၁ |
| ၁၆။ | ငါးမျက်နှာစေတီ (အိမ်ရာကျောင်းဘုရား) | ၁၁၅ |
| ၁၇။ | ဘူးဘုရား | ၁၁၉ |
| ၁၈။ | လောကနန္ဒာဘုရား | ၁၂၃ |
| ၁၉။ | ပုဂံမြို့အတွင်းစည်းခုံဘုရား | ၁၂၉ |
| ၂၀။ | ပုဂံမြို့မျက်တော်ပြေဘုရား | ၁၃၂ |
| ၂၁။ | ပုဂံရှေးဟောင်းသုတေသနပြတိုက် | ၁၃၆ |
| ၂၂။ | တုရင်တောင်စေတီ | ၁၄၂ |

# နိဒါန်း

ပုဂံသည် သမိုင်းအထောက်အထားများအရ ပထမမြန်မာနိုင်ငံတော်ကြီးကို စတင်တည်ထောင်ခဲ့ရာ မြန်မာတစ်မျိုးသားလုံး၏မြို့တော်ကြီးဖြစ်ခဲ့သည်မှာ ယုံမှား သံသယဖြစ်ဖွယ် မရှိပါ။ ထိုကဲ့သို့မြန်မာနိုင်ငံ၏မြို့တော်ဟောင်း ဖြစ်ခဲ့သဖြင့်လည်း ဘုရား၊ တန်ဆောင်း၊ ဂူကျောင်း၊ ပြာသာဒ်တို့မှာ လက်ညှိုးထိုးမလွဲ များပြားခဲ့ရ ပေသည်။

ဘုရားတည်းဟူသော ဒါယကာများသည် အများအားဖြင့် "အလှူတစ်ပြာ ကျောက်စာတစ်ချပ်" ဟူသောစကားအရ ကျောက်စာများ ရေးထိုးစိုက်ထူခဲ့ကြသည်။ ကျောက်စာပထမပိုင်းတွင် ခုနှစ်သက္ကရာဇ်၊ တည်သူဒါယကာကို ဖော်ပြလေ့ရှိ၏။ ၎င်းပြင် ဘုရားဒါယကာသည် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ရောက်ချင်သောကြောင့်၊ ဘုရားဆုကိုလိုချင်သောကြောင့် ဂူပြု၏၊ ကုလားကျောင်းဓမ္မသာပြု၏ဟူ၍ မိမိပြုရခြင်း၏အကြောင်းရင်းကို ဦးစွာဖော်ပြလေ့ရှိကြ၏။ ထို့နောက်မှတစ်ဖန် မိမိ၏ ကုသိုလ်ကောင်းမှုကို သာသနာ့ငါးထောင် တည်ရစ်စိမ့်သောငှာ အထွေထွေ မွမ်းမံပြုပြင်ရန် လယ်၊ ယာများ လှူဒါန်းခြင်း၊ ထန်းဥယျာဉ်စသည် လှူဒါန်းခြင်း၊ တန်လင်းလှည့်စိမ့်သောငှာ၊ ပြုပြင်စောင့်ရှောက်စိမ့်သောငှာ ကျွန်သီးတော်များကို လှူဒါန်းကြောင်း မော်ကွန်းတင်လေ့ရှိ၏။

နောက်ဆုံးတွင် ၎င်း၏ကုသိုလ်ကောင်းမှုကို ချီးမြှင့်သူဖြစ်လျှင် "မိမိနှင့်ထပ်တူ ရကြပါစေသတည်း၊ ကုသိုလ်ကောင်းမှုကို ဖျက်ဆီးသောသူဖြစ်လျှင် အဝီစိအထဲ ငရဲသို့ကျရောက်ပါစေသတည်း" ဟူ၍ ကျိန်စာများဖြင့် အဆုံးသတ်လေ့ရှိကြသည်။

ပုဂံတွင် ကြီးမားသောဂူဘုရားကြီးများကို မင်းများက တည်ထားခဲ့ပြီး တံတိုင်းနှစ်ထပ် ကာရံလေ့ရှိပါသည်။ အလတ်စားများကို မှူးမတ်ဗိုလ်ပါများက တည်လေ့ရှိသည်။ အလတ်စားနှင့် အသေးစား အဆောက်အအုံများကို သူဌေးသူကြွယ်နှင့် သာမန်အသည်သားများက တည်လေ့ရှိကြောင်း လေ့လာတွေ့ရှိရသည်။

ပုဂံတွင် အမြင့်မားဆုံးဖြစ်သော သဗ္ဗညုဂူဘုရားကြီးပေါ်မှ ပတ်ပတ်လည် လှည့်လည်ကြည့်လျှင် ပုဂံတစ်ဝိုက်ရှိ စေတီပုထိုးများအားလုံးကို မြင်ရပြီး လက်ညှိုးထိုး မလွဲအောင် များပြားလှပေသည်။ ပုဂံဘုရားများ တည်ရှိရာဒေသသည် ဧရာဝတီမြစ်မှ တုရင်တောင်အထိလည်းကောင်း၊ တောင်ဘက်တွင် တွင်းရွာအထိလည်းကောင်း၊ အရှေ့ဘက်တွင် ကျောက်ဂူဥမင်အထိလည်းကောင်း ၁၉ စတုရန်းမိုင်အတွင်း ဘုရားများ မြောက်မြားစွာ တည်ရှိခြင်း ဖြစ်ပါသည်။

ဘုရားများမည်မျှများပြားခဲ့သည်ကို တစ်ချိန်တစ်ခါကအစဉ်အလာ သံပေါက်မှတ်တမ်းတစ်ခုထားခဲ့သည်မှာ " လှည်းဝင်ရိုးသံတညံ့ညံ့ ပုဂံဘုရားပေါင်း" ဟူ၍ ဖြစ်ပါသည်။ ၎င်းမှာ "လှည်းဝင်ရိုးသံ" သာ ကောက်ယူရပေမည်။ သံပေါက်၏ သဘောမှာ "အစလေးလုံး၊ အလယ်သုံး၊ အဆုံးငါးခုသာ" ဟူ၍ဖြစ်သည်။ အစ ၄ လုံးသာကောက်ယူသင့်ပါသည်။တစ်ခုလုံးယူပါက လေးသန်းကျော်သွားမည်ဖြစ်ပြီး ဘုရာလေးသန်းကျော်အတွက် မြေနေရာအနေအထားအရ မရှိနိုင်ပါ။ ပထမ လေးလုံးယူပါက ပုဂံဘုရားအရေအတွက် ၄၄၄၆ ဆုသာ ရှိရမည် ဖြစ်ပေသည်။

ထို့ပြင် အင်းဝခေတ် မိုးညှင်းမင်းတရားလက်ထက်တွင် ပုဂံဘုရားများ ရေတွက်ရာ "ဝင်းဝင်းထိန်လျှံ" ပုဂံဘုရားပေါင်းဟူ၍ ဆိုပါသည်။ ၎င်းမှာ ၄၄၇၄ ဆူဖြစ်၍ ပထမ အရေအတွက်နှင့် နီးစပ်ပါသည်။

တစ်ဖန် ပုဂံခေတ်နောက်ကာလတွင် ပုဂံဘုရားအရေအတွက်နှင့်ပတ်သက်၍ အဆိုစကားတစ်ခုရှိပြန်သည်မှာ (မြတ်ဘုရားဆူရေ၊ ဖြူရွှေလို့ဝင်း၊ ပုဂံပြည် ဘယ်တိုင်းရွာနီမှ၊စံမမီလွန်ထင်ရှား၊စောမုနီများ) ဟူ၍ဖြစ်ပါသည်။ ၎င်းကိုလည်း ပင္ရိလောမနည်းအရ ပြောင်းပြန်လှန်ရေတွက်ပါက ၄၄၄၅ ဖြစ်သဖြင့် ပုဂံခေတ် သံပေါက်အဆိုနှင့် ကိုက်ညီနေပေသည်။

ရှေးဟောင်းသုတေသနဦးစီးဌာနမှ ရှေးဟောင်းစေတီပုထိုးများကို မှတ်ပုံတင်စာရင်းသွင်း မှတ်တမ်းတင်ခဲ့ရာ "ကျောင်းကြီးအုတ်နီ" ဟူသော သင်္ကေတဖြင့် ၂၂၁၇ ဆူမျှရှိကြောင်း သိရသည်။

ဤမျှ စေတီပုထိုးများ များပြားသော်လည်း တစ်ဆူနှင့်တစ်ဆူမှာ မတူ၊ တစ်မူထူးခြားစွာ တည်ထားလေ့ ရှိပါသည်။ ခြွင်းချက်အားဖြင့် သုံးဆူတန်း၊ လေးဆူတန်းလောက်သာ တစ်ဆူနှင့်တစ်ဆူ တူလေသည်။ ပုဂံတွင်အဓိကအားဖြင့် ပုံစံနှစ်မျိုး ရှိပါသည်။ ဂင်းပိတ် (Solid) အဆောက်အအုံ အမျိုးအစားနှင့် လိုဏ်ဂူပါသော အဆောက်အအုံနှစ်မျိုးနှစ်စား ရှိပါသည်။ ဆက်လက်ပြီး ထပ်မံ အမျိုးအစား ခွဲခြားပါလျှင် ၉ မျိုးမျှ လေ့လာတွေ့ရှိနိုင်ပါသည်။

၎င်းတို့မှာ -

၁။ စေတီလုံးများ ၂။ သိဟိုဠ်ပုံစေတီများ ၃။ တစ်ထပ်လိုဏ်ဂူ အဆောက်အအုံများ ၄။ နှစ်ထပ်၊ သုံးထပ်၊ လေးထပ် အဆောက်အအုံကြီးများ ၅။ မြေအောက်ဥမင်များ ၆။ တစ်ဆောင်တည်းတည်ထားသော ကုလားကျောင်းများ ၇။ ကျောင်းတိုက်ကြီးများ ၈။ ပိဋကတ်တိုက် ၉။ သိမ်များ စသည်တို့ ဖြစ်ပါသည်။

ပုဂံတွင် လူနေသော အဆောက်အအုံများမှာ သစ်ဝါးကိုသာ အသုံးပြုခဲ့သဖြင့် လုံးဝအကြွင်းအကျန် မရှိခဲ့ပေ။ နန်းတော်အဆောက်အအုံများပင် အောက်ပိုင်း အုတ်ရိုးပိုင်းသာကျန်ပြီး အပေါ်ပိုင်းသစ်သားအဆောက်အအုံများမှာ လုံးဝမကျန်ရှိတော့ပါ။ ၁၉၉၀ ပြည့်နှစ်တွင် ရွှေဂူကြီးဘုရားအနီးရှိ အောင်မြေကုန်း (ခေါ်) အုတ်ကုန်းကြီးကို တူးဖော်ကြည့်ရာ ယာယီအားဖြင့် နန်းတော်ရာဟု သတ်မှတ်ရပေမည်။ အဘယ်ကြောင့်ဆိုသော် အစဉ်အလာအားဖြင့် အဆိုပါကုန်းကို ယနေ့ထက်တိုင် "အောင်မြေကုန်း" ဟူ၍ ခေါ်တွင်နေပေသည်။ ကျန်စစ်သားမင်း၏ နန်းတည်ကျောက်စာတွင် ၎င်း၏နန်းတော်ကို "ဇေယျဘုံမ်ရာဇဌာန်" ဟူ၍ပါရှိသဖြင့် ဇေယျဘုံမ်၏ အဓိပ္ပာယ်သည်အောင်မြေဟုအဓိပ္ပာယ်ရသဖြင့်အဆိုပါ နေရာသည် ကျန်စစ်သားမင်းကြီး၏ နန်းတော်ဟူ၍ ယာယီအားဖြင့် သတ်မှတ်နိုင်ပါသည်။

သစ်သားတိုင်စိုက်သောကျင်းပေါင်း အတန်းလိုက် မြောက်မြားစွာ တွေ့ရပါသည်။ အချို့ကျင်းများနှင့် အုတ်ရိုးများမှာ နောင်းခေတ်မင်းများတို့ချဲ့ ဆောက်လုပ်ထားသောအရာများ ဖြစ်လေသည်။ ထူးခြားသည်မှာ တိုင်အောက်ခံကျောက်ပြားဝိုင်းကြီးများ ကျင်းတိုင်းတွင် ကြွင်းကျန်နေပါသည်။ အချို့ကျင်းများအတွင်းတွင် ဆွေးမြေ့နေသော သစ်သားတိုင် အစအနများ တွေ့ရပါသည်။

ပုဂံတွင်သဗ္ဗညုဘုရား၊ ဓမ္မရံကြီးဘုရားတို့ကဲ့သို့ ကြီးမားသော အဆောက်အအုံကြီးများပင် ဆောက်နိုင်ခဲ့ပေသည်။ နန်းတော်ကို ၎င်းတို့ထက် ကြီးမားခံ့ညားထည်ဝါစွာ ဆောက်နိုင်ကြပေမည်။ သို့ရာတွင် ဘာသာရေး၊ သာသနာရေးကို အထူး အလေးပေးသည့်အနေဖြင့် သာသနာရေးဆိုင်ရာ အဆောက်အအုံနှင့် လူနေအဆောက်အအုံများ မရောထွေးစေရန်သာသနာရေးဆိုင်ရာ အဆောက်အအုံများကို အုတ်၊ ကျောက်တို့ဖြင့် သုံးပြီး ခွဲခြားသည့်အနေဖြင့် လူနေသည့် အဆောက်အအုံတို့အတွက် သစ်၊ ဝါးကိုသာ အသုံးပြုသည်ဟု ယူဆရပေသည်။

ပုဂံတွင် ကျောက်အဆောက်အအုံမှာ အလွန်နည်းပါးသည်။ လက်ရှိဘုရားပေါင်း နှစ်ထောင်ကျော်အနက် ၄ ဆူသာ တွေ့ရပါသည်။ ၎င်းတို့မှာ–

၁။ ရွှေစည်းခုံဘုရား

၂။ နန်းဘုရား

၃။ ကျောက်ဂူဥမင်နှင့်

၄။ စက္ကူတိုက် (ခေါ်) ပိဋကတ်တိုက် အဆောက်အအုံ (တာရင်တောင်ခြေ မြကန်အနီး) တို့ဖြစ်ပါသည်။



ရွှေစည်းခုံစေတီတော်အား ရင်ပြင်တော်ပေါ်မှ အနီးကပ်ဖူးတွေ့ရပုံ

# ရွှေစည်းခုံဘုရား

"ရွှေစည်းခုံ" ဟူသောဘွဲ့တော်နာမမှာ "ဇေယျဘုံ" ဟူသောဝေါဟာရမှ ပြောင်းလဲလာသည်ဟု ပညာရှင်များယူဆကြသည်။ အဘယ်ကြောင့်ဆိုသော် အင်းဝမင်းကြီးစပ်ဆိုသော ရွှေစည်းခုံဘုရားအံ့ဖွယ်ကိုးပါးတွင် "ဇေယျခုံ" ဟူ၍လည်းကောင်း၊ ဘုရင့်နောင်မင်းတရားကြီး ရွှေစည်းခုံဘုရားအား လှူဒါန်းထားသော ခေါင်းလောင်းရှိ ကမ္ပည်းမော်ကွန်း ကြောင်းရေ (၁၆) တွင် "ဇေယျဘုံ" ဟူ၍လည်းကောင်း ရေးသား ဖော်ပြပါရှိသည်။

ရွှေစည်းခုံစေတီတော်မြတ်ကို အနော်ရထာမင်းကြီး စတင် တည်ထားကိုးကွယ်ခဲ့ပြီး သားတော်ကျန်စစ်မင်းကြီးက ကောဇာသက္ကရာဇ် ၄၅၂ ခုနှစ်တွင် တုရင်တောင်မှ ကျောက်များဖြင့် ငုံတည်ခဲ့သည်ဟု မှတ်သားလာကြသည်။ အချို့ကလည်း အနော်ရထာမင်းကြီး တည်မပြီးသေး၍ သားတော် ကျန်စစ်သားမင်းကြီးက အပြီးသတ် တည်ထားခဲ့သည်ဟု ဆိုကြပါသည်။ ပုဂံတွင် ငုံ၍ တည်ထားသော ဘုရားပေါင်း (၄၃) ဆူရှိသည်။ ထိုသို့ ရွှေစည်းခုံမှာ ငုံ၍ တည်သော အမျိုးအစားတွင် ပါဝင်သည်ဟု ယူဆပါသည်။

အောက်ခြေမှ ကြာမှောက်ကြာလန်ထိ ကျောက်အုတ်များဖြင့် တည်ထားကြောင်း ဖိနပ်တော်အခြေတွင် လေ့လာ တွေ့ရှိရသည်။ တုရင်တောင်မှ ကျောက်အုတ်များကို လက်ဆင့်ကမ်း သယ်ဆောင်ခဲ့ပြီး ကျန်စစ်သားမင်းကြီးသည် လက်ရှိနန်းကြီးကုန်းနေရာ၌ ယာယီတဲနန်းတည်ဆောက်ကာ ကြီးကြပ်တည်ဆောက်ခဲ့သည်ဟု အစဉ်အလာ မှတ်သားလာခဲ့ကြပါသည်။

နန်းကြီးကုန်းမှာရွှေစည်းခုံ ဘုရားတောင်ဘက်တွင် ယခုထက်တိုင် ထင်ရှား တည်ရှိနေပါသေးသည်။

ဓိသုကာလက်ရာအားဖြင့် ရွှေစည်းခုံဘုရား၏ ပစ္စယာအဆင့်ဆင့်ရှိ ငါးရာ့ငါးဆယ် နိပါတ်တော်စဉ့်ကွင်းလက်ရာများမှာ ကျောက်ဆစ်ရုပ်တုများဖြင့် ထွင်းထုပြီး အပေါ်ယံတွင် စဉ့်စိမ်းရည်များသုတ်လိမ်းထားသည်ကိုတွေ့ရသည်။

ရွှေစည်းခုံဘုရား၏ အံ့ဖွယ်ကိုးပါးလင်္ကာ

"ထီးမဆိုင်း တန်တိုင်း၌ရိပ်တည်၊ မလွင့်ရွှေလျောင်ပ၊ မိုလ်သောင်းထောင်ဝင် မကြပ်တဲ့ပြင်၊ ဆွမ်းကပ်သူလက်မဦးနိုင်ဘူး၊ မကူးသံကြား ဟီး...တီးတဲ့ ရွှေစည်။ ။
မြင့်ဝှန်းယောင်ထင်စနီးပေပ၊ မိုးကပ်ပြုရေအရည်၊အတည်မှုမကြွင်း၊ ချုံးပင်ဘွာဒသင်ခါမလင့်ပေပ၊ ငုံမွှင့်ကာကြျထုံသဲ့ ဇေယျခုံအံ့ဖွယ်ကိုးကိုလ တိုးခဝပ်စင်း"


စေတီတော်မြတ်၏လေးမျက်နှာတွင်ဂန္ဓကုဋိတိုက်တစ်လုံးကျစီရှိပြီး၊ "ကြေးရုတိုက်" ဟူ၍ခေါ်ဆိုကြပါသည်။ အရှေ့မျက်နှာတွင် ကကုသန် ဘုရား၊ တောင်မျက်နှာတွင် ကောဏာဂမဏာဘုရား၊ အနောက်ဘက်တွင် ကဿပဘုရား၊ မြောက်ဘက်မျက်နှာတွင် ဂေါတမဘုရားဟူ၍ ပဥ္စလောဟာဖြင့် သွန်းလုပ် ထားသည့် မတ်ရပ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်လေးဆူ ရှိပါသည်။ ရှေ့ဘက် စောင်းတန်းဝဲယာတွင် ကျန်စစ်သားမင်းကြီး၏ အဋ္ဌပွဲတွံ့နှင့် မင်းကြီး လက်ထက် နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုရေးရာအခြေအနေများကို ဖော်ပြရေးထိုးထားသော မွန်ကျောက်စာတိုင်ကြီး နှစ်တိုင်ရှိသည်။

ရွှေစည်းခုံဘုရားတွင် မူလကသစ်သားတိုင်သစ်သားတန်းများဖြင့်ပြုလုပ်ထားသော အတွင်းတံတိုင်းတစ်ထပ်ရှိခဲ့သည်။ လေးမျက်နှာ အတွင်း တံတိုင်းတွင် လေးမုခ်အတွက် ဝဲယာ၌ မုခ်စေတီနှစ်ဆူတည်ထားပြီး စေတီတွင် တပ်ဆင်ခဲ့သော သံကွင်းကြီးများနှင့် တံခါးခုံ ခြေကျော် ကျောက်တန်းကြီးများ ကျန်ရှိပါသည်။ အတွင်းတံတိုင်း ဝဲယာတွင် မုခ်စေတီကိုမှီထားသော ဒွာရပါလပုံ ရုပ်တုကြီးများရှိသည်။ အပြင်တံတိုင်းဖြစ်သော အုတ်တံတိုင်း မုခ်ဝဲယာတွင် တစ်ခဲနက် ကျောက်တစ်လုံးကြီးကို ထွင်းထုထားသော ဒွာရပါလ နတ်ရုပ်ကြီး များနှင့် ခြင်္သေ့ကြီး နှစ်ကောင်စီ ရှိပါသည်။ တောင်ဘက်မုခ်ဝ၌မူ လက် ၁၀ ဖက်ပါနတ်ရုပ်၊ နဂါး၊ ခြင်္သေ့ စသောအရုပ်ကြီးများဝဲယာ၌ရှိသည်။


ရွှေစည်းခုံဘုရား ပရဝဏ်အတွင်း၌ မူလက ပန္နက်သဲဂူလေးလုံးရှိရာ အနောက်မြောက်ထောင့်နှင့် အရှေ့မြောက်ထောင့် ပန္နက်သဲဂူနှစ်လုံးသာ ကျန်ရှိပါတော့သည်။ ၎င်းပန္နက်သဲဂူများမှာအုတ်ပြာသာဒ်များဖြစ်ပါသည်။

ရွှေစည်းခုံဘုရားပြတိုက်၌ စေတီတော်မြတ် တည်ဆောက်ခဲ့စဉ်က အထက်ဖော်ပြပါ အတွင်းသစ်သားတံတိုင်း တံခါးဝရှိတံခါးရွက်ကြီးတစ်ချပ်၌ ထုလုပ်ထားသည့် ဘုရားဗုဒ္ဓရိယာတိးမှုတ်သူများ၊ ကခုန်နေဟန် ပန်တျာသည်များ ပုံတို့ ပါဝင်သည်။ အလွန်လှပ လက်ရာမြောက်သော ပန်းတန်းများအပါအဝင် ထွင်းထုထားသည့် သစ်သားပန်းပုလက်ရာကို တွေ့မြင်နိုင်သည်။ အဆိုပါ သစ်သားတံခါးရွက်ကြီးမှာ နှစ် ၉၀၀ ကျော်က ကျွန်းသားတံခါးရွက်ကြီး ဖြစ်သည်။ မူလက တံခါးရှစ်ရွက်ရှိခဲ့ပြီး ယခု သစ်သားတံခါးရွက်တစ်ခုသာ ကံကောင်းထောက်မ၍ ကျန်ရှိနေပေသည်။ အခြား ပုဂံခေတ်လက်ရာတစ်ခုမှာ ၃၇ မင်း နတ်ကွန်းအတွင်းရှိ ဘိုးတော်သိကြားမင်းပုံဖြစ်သည်။ ထုလုပ်ထားရှိပုံ အဆင်တန်ဆာများကို လေ့လာကြည့်ရှုရခြင်းအားဖြင့် ပုဂံခေတ် သစ်သား ပန်းပုလက်ရာတစ်ခုဖြစ်ကြောင်း ထင်ရှားလှပါသည်။


ရွှေစည်းခုံဘုရားကြီး၏ အရှေ့ဘက်အတွင်း မုခ်ဘေး ဝဲယာတွင် မြောက်ဘက်၌ ပုဂံမြို့ဝန် ဦးမြတ်ဘော်၏ ကုသိုလ်တော်ခေါင်းလောင်းနှင့် တောင်ဘက်တွင် သက္ကရာဇ် ၉၁၉ ခုနှစ်သွန်းလုပ်သောအချိန် ၂၀၀၀ ခန့်ရှိ ခေါင်းလောင်း ကြီးတစ်လုံးနှင့် ခေါင်းလောင်းငယ်တစ်လုံးရှိသည်။ အဆိုပါ ခေါင်းလောင်းစာ အရ ဘုရင့်နောင်မင်းတရားကြီးသည် ရွှေစည်းခုံဘုရားအား အောက်ခြေ ဖိနပ်တော်မှ ထိပ်အထိ လုံးတော်ပြည့် ရွှေရည်လိမ်း လှူဒါန်းတော် မူခဲ့ကြောင်း မှတ်တမ်းပါရှိပါသည်။




ထီးတော်ဂူတိုက်အတွင်းမှ နံရံဆေးရေးပန်းချီများ





ရွှေစည်းခုံစေတီတော် ပန္နက်ပုံ




ရွှေစည်းခုံစေတီတော်ပရဝဏ်ပန္နက်ပုံ



ရွှေစည်းခုံစေတီတော်အရှေ့ဘက်မြင်   မတ်ရပ်ပုံ



ရွှေစည်းခုံစေတီတော် ဖြတ်ပိုင်းပုံ





"ငါ၏လက်ယာလက်ဖြင့် ဆန်စပါးရိက္ခာကို ပေးအံ့၊ ငါ၏လက်ဝဲလက်ဖြင့်အဝတ်တန်ဆာကိုပေးအံ့"ဟု
ကမ္ဗည်းရေးထိုးထားသော ကျွန်စစ်သားမင်းကြီး အမိန့်တော်ပြန်တမ်းပါ လေးထောင့်ကျောက်စာတိုင်၊
အရှေ့ဘက်စောင်းတန်းအဝင်ဝ ဝဲ-ယာတွင် စိုက်ထူ ထားစဉ်




ရွှေစည်းခုံစေတီတော်အား  သူဌေးမှခ်ဂူဘုရားပေါ်မှ  ဖူးတွေ့ရစဉ်



ရွှေစည်းခုံစေတီတော်အား တောင်ဘက်မျက်နှာစာမှ ရှုခင်းအလှတစ်မျိုးဖြင့် ဖူးတွေ့ရပုံ



ရွှေစည်းခုံစေတီတော်အား အရှေ့တောင်ထောင့်မျက်နှာစာမှ ဖူးတွေ့ရပုံ



ရွှေစည်းခုံစေတီတော်အား ညဘက်မီးဆလိုက်များ ပွင့်ထားချိန်တွင် ဖူးတွေ့ရပုံ




ရွှေစည်းခုံဘုရားအား အရှေ့မြောက်ထောင့်မှ ဖူးတွေ့ရစဉ်



ရွှေစည်းခုံစေတီတော်အား အနောက်ဘက်မုခ်ဝအဝင်မှ ဖူးတွေ့ရစဉ်



ရွှေစည်းခုံစေတီတော်၏ တတိယပစ္စယာအပေါ်ပိုင်းကို ဖူးတွေ့ရပုံ



ရွှေစည်းခုံစေတီတော်၏ ငှက်ပျောဖူး၊ ထီးတော်၊
ငှက်မြတ်နားနှင့် စိန်ဖူးတော်တို့ကို ဖူးတွေ့ရပုံ



ရွှေစည်းခုံစေတီတော်ကို သူငွေးမုခ်ဂူပေါ်မှ ဖူးတွေ့ရစဉ်



ရွှေစည်းခုံစေတီတော်သပိတ်မှောက်ပန်းဆွဲအထက်
ပိုင်းမှဂုဏ်ယူဖွယ်ရာ မြန်မာ့အနုပညာလက်ရာများ



ရွှေစည်းခုံစေတီတော်အား တောင်ဘက်မုခ်မျက်နှာစာတံတိုင်းအပြင်မှ ဖူးတွေ့ရပုံ



ရွှေစည်းခုံစေတီတော်အား တောင်ဘက်မှ ဖူးတွေ့ရပုံ



ရွှေစည်းခုံစေတီတော်၏ပထမပစ္စယာအပေါ်ပိုင်းကို ဖူးတွေ့ရပုံ



ရွှေစည်းခုံစေတီတော်ကို နန်းကြီးကုန်းမိုးသတ်မျှော်စင်ပေါ်မှ ဖူးတွေ့ရစဉ်



ရင်ပြင်တော်ရှိ ရေချိန်တွင်း၌ပေါ်နေသော စေတီတော်ကြီး၏ပုံရိပ်ကို ဖူးတွေ့ရစဉ်



ရွှေစည်းခုံစေတီတော်ကို အရှေ့ဘက်မုခ်ဝအဝင် စောင်းတန်းမှဖူးတွေ့ရစဉ်



ရွှေစည်းခုံစေတီတော်ကို အရှေ့ဘက် ရင်ပြင်တော်မှ ဖူးတွေ့ရပုံ



ရွှေစည်းခုံစေတီတော်မြောက်ဘက်မုခ်ဝအဝင် စောင်းတန်းကြီး



ရွှေစည်းခုံစေတီတော်တောင်ဘက်မုခ်အနီးတွင် ဖူးတွေ့ရသော
ပုဂံခေတ် ရှေးဟောင်းဘုရားတစ်ဆူ



တောင်ဘက်မုခ်ဝအဝင် စောင်းတန်းအတွင်းပိုင်း



မြောက်ဘက်ကြေးရွတိုက်ပေါ်မှ ကွမ်းထောင်ပုံနှင့်စေတီငယ်ပုံ



အနောက်ဘက်ကြေးရွတိုက်ပေါ်မှ ကွမ်းထောင်ပုံနှင့်စေတီငယ်ပုံ



အရှေ့ဘက်ကြေးဂူတိုက်အတွင်းမှ ကကုသန့်ဘုရားပုံ



တောင်ဘက်ကြေးဂူတိုက်အတွင်းမှ ကောဏာဂုံဘုရားပုံ



အနောက်ဘက်ကြေးဂူတိုက်အတွင်းမှ ကဿပဘုရားပုံ
(၄) ဆူအနက် မပြုမပြင် အကောင်းဆုံး
မူလလက်ရာပုံတော်



မြောက်ဘက်ကြေးဂူတိုက်အတွင်းမှ ဂေါတမဘုရားပုံ



တောင်ဘက်ရင်ပြင်တော်ရှိ အင်္ဂုလိမာလရဟန္တာ
မထေရ်ရုပ်တုပုံတော်

ရွှေစည်းခုံစေတီတော်အရှေ့ဘက်မျက်နှာစာရှိ
ပုဂံခေတ်ဦးမှ ဆွမ်းမဦးကျောက်သပိတ်တော်ကြီး





ရွှေစည်းခုံစေတီတော်ဒုတိယပစ္စယာမှ
ရုပ်ကြွ မုတ်ဆိတ်ပန်း



ကွမ်းတောင်နှင့်အရှေ့ဘက် ကြေးရုပ်တိုက်များအတွင်း ကြေးမင်္ဂလာ ရုပ်ဆင်းတုနှင့် တစ်ခေတ်တည်း
ဖြစ်ပြီး (၁၁) ရာစု လက်ရာဖြစ်သည်။ သစ်သားပြာသာဒ်ဆောင်မှာ ပုဂံခေတ် မူလနေရာတွင်
အေဒီ ၁၅ ရာစု အင်းဝခေတ်တွင် အစားထိုးပြုပြင်တည်ဆောက်ထားသောလက်ရာဖြစ်သည်။






အင်္ဂါထောင့်ရှိ ကျောက်ခြသေ့ရုပ်တုကြီး ဘေးနှစ်ဘက်မှကြည့်လျှင် တစ်ကောင်တည်းပုံ၊
ရှေ့တည့်တည့်မှကြည့်လျှင် ဖင်နှစ်ခွပုံမြင်ရပြီး ထောင့်ကိုခွ၍တည်ဆောက်ထားသည်။
(အေဒီ ၁၁ ရာစု)



အနောက်ဘက်စောင်းတန်းဦးထိပ်ရှိ လက်ဝဲဘက်မှ
ပုဂံခေတ်ဦးပိုင်း ကျောက်ခြင်္သေ့ရုပ်တုကြီး



ရွှေစည်းခုံစေတီတော်အရှေ့ဘက်မုခ်အဝင်ဝမှ
ခြင်္သေ့ရုပ်တုကြီး



အနောက်ဘက်စောင်းတန်းဦးထိပ်ရှိ လက်ယာဘက်မှ
ပုဂံခေတ်ဦးပိုင်း ကျောက်ခြင်္သေ့ရုပ်တုကြီး



အရှေ့ဘက်ကြေးဂူတိုက်အတွင်းမှ ပုဂံခေတ်
ကျောက်မြင်းရုပ်တု



သင်ပုတ်ထည်ကျောက်သပိတ်များ



ရွှေစည်းခုံစေတီတော်တောင်ဘက်ရင်ပြင်တော်ပေါ်ရှိ
ရှင်အရဟံမထေရ်မြတ် သမုတ်တော်မူခဲ့သော
မဟာသိမ်တော်ကြီး၏ သိမ်တိုင်

ရွှေစည်းခုံစေတီတော်ဒုတိယနှင့် တတိယပစ္စယာမှ
ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော် ကျောက်စဉ်ကွင်းအချို့



















တုရင်တောင်မှ လက်ဆင့်ကမ်းသယ်ယူခဲ့သော
ကျောက်များဖြင့် အောက်ခြေမှ ထိပ်အထိ
စီထားကြောင်း သက်သေအဖြစ်အင်္ဂတေမကိုင်ဘဲ
ချန်ထားသည်။ ကျောက်တုံးတစ်ခုနှင့်တစ်ခုကြားတွင်
အပ်ထိုးမရအောင်စေ့စပ်သေချာလှပါပေသည်။





တောင်ဘက်ရင်ပြင်တော်ရှိ ရုပ်စုံတန်ဆောင်းမှ သိဒ္ဓတ္ထမင်းသား
တောထွက်ခန်းရုပ်စုံတော်




ညီတော်မင်းနန်ချွတ်ခန်းရုပ်စုံတော်



သုဝဏ္ဏသာမဇာတ်တော်နှင့် မယ်ပဒါ ကိုဒါလ ဇာတ်တော်ရုပ်စုံတော်များ





တောင်ဘက်ရင်ပြင်တော်ရှိ လျောင်းတော်မူပုံတော်



စေတီတော်ကြီး ၏ အနောက်မြောက်ထောင့်ရှိ ပန္နက်သဲဂူပုံ

စေတီတော်ပြတိုက်အတွင်းမှ မြတ်စွာဘုရား
ခြေတော်ရာပုံတော်၊ ပုဂံခေတ်ဦးလက်ရာ ဖြစ်သည်



အရှေ့တောင်ထောင့်ရင်ပြင်ရှိ ဆုတောင်းပြည့် စေတီတော်



ဆုတောင်းပြည့်စေတီတော်အတွင်းမှ ဗုဒ္ဓရုပ်ပွားတော်

ကုန်းဘောင်ခေတ် သစ်သားတံခွန်၊ ကုက္ကားတိုင်





အရှေ့ဘက်ရင်ပြင်တော်ပေါ်ရှိမကျွေးအတွင်း ၁၉၇၅ ခု
ငလျင်လှုပ်စဉ်က အောက်သို့ချုပ်ပြုထားသော
အလောင်းမင်းတရားကြီး၏ဒုတိယသားတော်
ဆင်ဖြူရှင်မင်း ကောင်းမှု ထီးတော်

စေတီတော်ကြီး၏အရှေ့မြောက်ဘက်ရှိ ပန္နက်သဲဂူပုံ



ရွှေစည်းခုံစေတီတော်အရှေ့ဘက်အပြင်ခုံတံတိုင်းမုခ်
ဝဲယာမှ ကျောက်ဒွာရပါလအစောင့်နတ်ရုပ်





အရှေ့တောင်ထောင့် (၃၇) မင်းနတ်နန်းအတွင်းမှ
ဘိုးတော်သိကြားမုံ (နှစ် ၉၀၀ ကျော် ပုဂံခေတ်ဦး
ပိုင်းမှ သစ်သားပန်းပုလက်ရာ)


ရွှေစည်းခုံစေတီတော်အနောက်တောင်ထောင့်ရှိ
အဖရွှေညိုသင်နှင့် သားငယ်ရွှေစကားအမည်ရှိ
အစောင့်နတ်ရုပ်များ





အရှေ့ဘက်ရင်ပြင်တော်ရှိ ပုဂံခေတ်မှ သစ်သား
တံခါးရွက်ကြီး၊ တံခါးရွက်ကြီးပေါ်တွင် သစ်သား
ပန်းပုအနုပညာလက်ရာများ ပေါ်လွင်အောင်
ထွင်းထုထားသည်






အရှေ့ဘက်ကြေးရုတိုက်ပြာသာဒ်အဆောင်မှ မြန်မာ့
သစ်သားပန်းပုအနုပညာလက်ရာများကို တွေ့ရစဉ်



စေတီတော်ကြီး၏တောင်ဘက်ရင်ပြင်ရှိ ဘုရင့်နောင်
မင်းတြားကြီး၏ ကုသိုလ်တော်ခေါင်းလောင်းငယ်



အုံ့ကိုးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် ရင်ပြင်တော်အရှေ့တောင်ထောင့်ရှိ ခရေပင်



နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး ဖူးပွင့်နေသည့် ခရေပွင့်များကို တွေ့ရစဉ်



အရှေ့ဘက်ရင်ပြင်တော်ရှိ သက္ကရာဇ် ၉၁၉ ခုနှစ်တွင် သွန်းလုပ်သည့် ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင် မင်းတရားကြီး ကောင်းမှုတော် ခေါင်းလောင်းကြီး



အလောင်းမင်းတရားကြီး၏ ဒုတိယသားတော် ဆင်ဖြူရှင်မင်း၏ကျောက်စာဂူမျက်နှာကြက်မှ ကုန်းဘောင်ခေတ်ပန်းချီ



စေတီတော်ကြီး၏အရှေ့မြောက်ဘက်ရှိ အလောင်းမင်းတရားကြီး၏ ဒုတိယသားတော် ဆင်ဖြူရှင်မင်း၏ ထီးတော်သမိုင်းကျောက်စာတိုင်ကြီး



ဒေသထွက် မြန်မာ့ရိုးရာသနပ်ခါးတုံး အရောင်းဆိုင်



ရွှေစည်းခုံစေတီတော်အရှေ့ဘက်စောင်းတန်းအတွင်းမှ
ယွန်းထည်ပစ္စည်းအရောင်းဆိုင်



ကလေးကစားစရာ မြန်မာ့ရိုးရာ ရုပ်စုံအရောင်းဆိုင်

# ကျန်စစ်သားဥမင်


ရှေးစည်းခုံတစ်ဝိုက်တွင် ကျန်စစ်သားဥမင်ဟူ၍ သုံးခုရှိရာ ယခုဖော်ပြပါ ကျန်စစ်သားဥမင်မှာ တောင်ဘက်စောင်းတန်းထိပ်၏ အနောက်ဘက်တွင် တည်ရှိသည့်ဥမင်ဖြစ်သည်။ ထိုဥမင်မှာ မြေပေါ်မြေအောက် တစ်ဝက်စီ တည်ဆောက်ထားသည်။ ဥမင်မှာ မြောက်လှည့်ဖြစ်ပြီး မြောက်ဘက်ဥပစာတွင် ဓမ္မသာလာဆောင်တစ်ခု မူလက ရှိခဲ့သည်။ တောင်ဘက်တွင်ဓမ္မသာလာ အဆောင်ရာရှိသည်။ ဓမ္မသာလာအဆောင် အောက်ခံကျောက်တုံးပတ်လည် ကြွင်းကျန်လျက်ရှိသေးသည်။

မြောက်ဘက်တွင် တံတိုင်းပတ်လည်နှင့် တံတိုင်းမုခ်ရှိသည်။ ဥမင် အတွင်းနံရံ၌ ရှေးဟောင်းနံရံဆေးရေးပန်းချီများ ခြယ်မှုန်းထားရှိသည်။


ပြာသာဒ်ပုံများ၊ မြင်းမိုရ်တောင်ပုံများ၊ မွန်ဂိုစစ်သည်ပုံများနှင့် စစ်သူကြီးပုံ၊ တုရိယာများနှင့် စီတန်းပြီး ဘုရားကျောင်းသို့သွားဟန် နံရံဆေးရေး ပန်းချီပုံများ ကြွင်းကျန်ပါသေးသည်၊ မြောက်ဘက်မုခ် မျက်နှာကြက်တွင် ဆွမ်းစားနေဟန် ရှင်ဥပဂုတ်ပုံလည်းရှိသည်။

ဥမင်အလယ်တွင် အခန်းတစ်ခန်းရှိပြီး ဘေးပတ်လည်တွင် စင်္ကြံပတ်လမ်းနှင့် တရားအားထုတ်ရန် အခန်းငယ်များရှိသည်။

အဆိုပါဥမင်မှာ အခြားဥမင်များကဲ့သို့ သဲကျောက်တောင်ကိုထွင်းဖောက်ထားခြင်းမျိုးမဟုတ်မူဘဲ အုတ်များဖြင့်ဥမင်ပုံပြုလုပ်တည်ဆောက်ထားကြောင်း တွေ့ရသည်။



ကျန်စစ်သားဥမင်အတွင်းလိုဏ်ဂူ



ကျန်စစ်သားဥမင် ပန္နက်ပုံ




ကျွန်စစ်သားဥမင်အဝင်ဝ



ကျွန်စစ်သားဥမင်အတွင်းမှ စကြံပတ်လမ်း



ကျွန်စစ်သားဥမင်အတွင်းမှ ဓမ္မသာလာဆောင်



ကျန်စစ်သားဥမင်အတွင်းမှ ဆေးရေးပန်းချီလက်ရာများ



ကျန်စစ်သားဥမင်အတွင်းမှ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်


# သူငှေးမှခ်ဂူဘုရား

ရွှေစည်းခုံဘုရား၏ အရှေ့မြောက်ဘက်တွင် တည်ရှိသည်။ လိုက်နစ်ဆင့် ကွမ်းထောင်ပေါက်ဂူဘုရားဖြစ်ပြီး ၁၉၇၅ ခု၊ ငလျင်လှုပ်စဉ်က ကွမ်းထောင်နှင့် အပေါ်ထပ်လိုက် ပြိုကျသွားခဲ့သည်။ အရှေ့မှခ်လှည့် ဂူဘုရားကြီးဖြစ်သည်။


အောက်ထပ်အာရုံခံအတွင်း၌ နံရံဆေးရေးပန်းချီများရှိသည်။ အာရုံခံ မျက်နှာကြက်၌ အခြားဂူဘုရားများကဲ့သို့ ပါဒစက်ရုံ ခြေရာတော်ပုံ မူလက ရှိခဲ့သော်လည်း ယခုအခါ ကွာကျပျက်စီးပြီး ထိုခြေတော်ရာပုံကိုပတ်ထားသော ကြာပန်းတန်းများသာ ကျန်ရှိတော့သည်။ အပေါ်ထပ်သို့တက်ရန် ကြောင်လိမ် လှေကားရှိသည်။

မူလကသူငှေးမှခ်ဂူဘုရားတွင် ကျောက်စာတစ်ချပ်ရှိခဲ့ရာ ၁၉၇၀ ပြည့်နှစ် က ပုဂံပြတိုက် ကျောက်စာရုံအမှတ် (၁) မြောက်ဘက်တန်းသို့ ရွှေ့ပြောင်း စိုက်ထူထားခဲ့သည်။ ကျောက်စာတိုင်အမှတ် (၁၆၀) ဖြစ်သည်။


အဆိုပါကျောက်စာအရ မြန်မာသက္ကရာဇ် ၅၅၉ ခုနှစ်တွင် ဇေယျာသူငှေး ဇနီးမောင်နှံတည်ဆောက်လှူဒါန်းထားခဲ့သော ဂူဘုရားဖြစ်ကြောင်းသိရသည်။ ဂူကိုလှူသောအခါတွင် ကွမ်းညှပ်၊ ကြေးကွမ်းဘူး၊ ကြေးသပိတ်၊ ကြေးခြူ၊ ကြေးကရား၊ ကြေးဝမ်းဘဲကရား၊ ကြေးမုံ၊ ကြေးပြတိုး၊ ကြေးဆီမီးတိုင်နှင့် ခေါင်းလောင်း စသည်တို့ လှူဒါန်းခဲ့ကြောင်း ပါရှိသည်။



သူငှေးမှခ်ဂူဘုရားမှ အင်္ဂတေပန်းတော့လက်ရာ



သျှငွေးမုခ်ဂူဘုရားအောက်ထပ်ပန္နက်ပုံ



သူဌေးမုခ်ဂူဘုရားအပေါ်ထပ်ပန္နက်ပုံ



ရွှေစည်းခုံဘုရားအနီးမှ သူဌေးမုခ်ဂူဘုရားကိုဖူးတွေ့ရစဉ် ပုဂံခေတ်လယ်ပိုင်း ဗိသုကာလက်ရာဖြစ်သည်





ပုဂံခေတ်အလယ်ပိုင်းလက်ရာဖြစ်သည် သျှငွေးမှခ်ဂူဘုရား

သျှငွေးမှခ်ဂူဘုရားအပြင်မျက်နှာစာမှ ဘီလူးပန်းဆွဲ လက်ရာများကို တွေ့ရစဥ်



သျှငွေးမှန်ရှုဘုရားအတွင်းမှဆေးရေးပန်းချီ နှစ်ကျိပ်ရှစ်ဆူဘုရားများကိုတွေ့ရစဉ်

သျှငွေးမှန်ရှုဘုရားအတွင်းမှ ရှေးခေတ်ဆေးရေးပန်းချီလက်ရာများ





သျှင်ဗြေးမုခ်ဂူဘုရား အပြင်မျက်နှာစာမှ ခြင်္သေ့
လည်ပြန်ပန်းတော့အနုပညာလက်ရာကို တွေ့ရပုံ



သျှင်ဗြေးမုခ်ဂူဘုရားအပြင်မျက်နှာစာထောင့်များတွင်
တွေ့ရသော ပန်းကနုတ်အနုပညာလက်ရာများ

# ဆပဒစေတီ

ညောင်ဦးမြို့ ငှက်ပစ်တောင်အနီး မြို့ဦးထိပ်တွင် ဆပဒေါ၊ ဆပဒဟူ၍ စေတီတော်မြတ်နှစ်ဆူရှိသည်။

ဆပဒစေတီမှာ ညောင်ဦးမြို့အဝင်လမ်းဆုံ သုံးမြှောင့်ကွက်လပ်ပေါ်တွင် တည်ရှိပါသည်။

အရပ်အခေါ် ဘုရားနီ ဟူ၍ဖြစ်သည်။ အဆိုပါ ဆပဒေါ၊ ဆပဒဘုရား နှစ်ဆူမှာ သီရိလင်္ကာနိုင်ငံ အနုရာဓပူရမြို့မှ ထူပါရာမ စေတီပုံစံကိုမှီး၍ ဆပဒ မထေရ်က တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။


ဆပဒမထေရ်မှာ ယခု ပုသိမ်မြို့အနီး ဆပဒရွာသား (ငပုတောမြို့) ဇာတိဖြစ်ပြီး အေဒီ ၁၂ ရာစု နရပတိစည်သူမင်းကြီးလက်ထက်တ[illegible]၈၀ မထေရ်နှင့်အတူ ရှင်သာမဏေငယ်အဖြစ်ဖြင့် သီရိ[illegible]ငံသို့လိုက်ပါသွားခဲ့သည်။ သီရိလင်္ကာနိုင်ငံ ကလျာနီသိမ်တွင် ဥပသမ္ပဒ သံဃကံဆောင်၍ ဆယ်ဝါခန့်ကြာအောင် သီရိလင်္ကာနိုင်ငံ၌ သီတင်းသုံးခဲ့သည်။

ဥတ္တရာဇီဝမထေရ် ပုဂံသို့ပြန်ခဲ့သော်လည်း ဆပဒ မထေရ်မှာ သီဟိုဠ်တွင် ဆက်လက် သီတင်းသုံးခဲ့သည်။ ဆယ်ဝါကျော်၍ ထေရသမ္မုတိရပြီး ပုဂံသို့ ပြန်လာခဲ့ရာ တာမလိတ္တိရွာသား သီဝလိထေရ်၊ ကမ္ဘောဇမြို့သားတာမလိန္ဒထေရ်၊ ကိဉ္စိပူရမြို့သား အာနန္ဒာထေရ်၊ အနုရာဓမြို့သား ရာဟုလာထေရ် အစရှိသည့် မထေရ်လေးပါးတို့ကို ပင့်ဆောင်ခဲ့သည်။ ထိုမထေရ်တို့ကား ပိဋကတ်ကို ဆောင်ကုန်၏။


ဆပဒမထေရ် ပုဂံသို့ရောက်သည့်နှစ်တွင် ဥတ္တရာဇီဝထေရ် ကံကုန်သည်။ ဆပဒ မထေရ်မှာ သီဟိုဠ်သာသနာနှင့် ပုဂံသာသနာကို ပေါင်းကူး ဆက်သွယ်ပေးခဲ့သော ထင်ရှားသည့် မထေရ်မြတ်တစ်ပါးပင်ဖြစ်သည်။



ဆပဒစေတီတော်




ဆပဒစေတီပန္နက်ပုံ



ညောင်ဦးမြို့အဝင်ဝတွင် ဖူးတွေ့ရသည့် ဆပဒစေတီတော်ပုံ



ဆပဒစေတီတော်မှ ရှေးခေတ်အုတ်စီမှန်ကူကွက်လက်ရာအချို့ကို အနီးကပ်တွေ့ရပုံ



ဆပဒစေတီတော်အဝင်မုခ်ဝကို အရှေ့ဘက်မျက်နှာစာမှ တွေ့ရပုံ

# ဝက်ကြီးအင်း ဂူပြောက်ကြီး

တည်ဆောက်ပုံ ဗိသုကာလက်ရာနှင့် နံရံပန်းချီများကို လေ့လာခြင်းအားဖြင့် ၁၃ ရာစုစောစောပိုင်းတွင် တည်ထားခဲ့သည်ဟု ခန့်မှန်းရပါသည်။

ပုဂံတွင် ဂူပြောက်ကြီးနှစ်ဆူနှင့် ဂူပြောက်ငယ်နှစ်ဆူရှိသည်။ မြင်းကပါရွာအနီးတွင် ဂူပြောက်ကြီးတစ်ဆူရှိပြီး ကျန်ဂူပြောက်ကြီးတစ်ဆူမှာ ဝက်ကြီးအင်းရွာအနီးတွင်တည်ရှိ၏။


စေတီတော်မြတ်မှာ မဟာဗောဓိပုံ ကွမ်းထောင်ပေါက်ဘုရားဖြစ်ပြီး အရှေ့မှခ်လှည့် အပေါ်ဆင့်လိုက်နှင့် ကြောင်လိမ်လှေကားရှိသည်။

ထူးခြားချက်မှာ နံရံဆေးရေးပန်းချီလက်ရာများပင်ဖြစ်သည်။ အင်္ဂတေပန်းလက်ရာအချို့ အသင့်အတင့် ကြွင်းကျန်သေးသည်။ အာရုံခံ မျက်နှာကြက်တွင် ပါဒစက်စုံ ခြေတော်ရာတစ်စုံရှိသည်။ အာရုံခံ၏ တောင်ဘက်နှင့် မြောက်ဘက် နံရံအထက်ပိုင်းတွင် ဂေါတမ ဘုရားအလောင်းသည် ရှေးဘုရားများ၏ ထံမှောက်တွင် ကုသိုလ်ပြု၍ ဗျာဒိတ်ခံဟန်အခန်းများကို နံရံမင်စာများနှင့်တကွ ရေးဆွဲထားရှိသည်။ ၎င်းအောက် တောင်ဘက်နှင့် မြောက်ဘက်နံရံတွင် ငါးရာ့ငါးဆယ် ဇာတ်ကွက်များကို အတင့်အတယ် ရေးခြယ်ကာ မင်ရေးကမ္ပည်းစာများနှင့်တကွ မှတ်တမ်းတင် ထားရှိသည်။ ငါးရာ့ငါးဆယ် ဇာတ်ကွက်များအကြားတွင် သတ္တဌာနခန်းများနှင့် ဗုဒ္ဓဝင်ရှစ်ခန်းများ၊ အာဠာဝကဘီလူး ချေချွတ်ခန်း၊ ပနန္ဒောပနန္ဒ နဂါးမင်းနှင့် နာဠာဂိရိဆင်အောင်ခန်းများကို ရေးခြယ်ထားရှိသည်။ ထိုပန်းချီလက်ရာများမှာ ရှားပါးလက်ရာ ဖြစ်သည်။ ပုဂံခေတ်အလှူများ သရုပ်ဖော်ပုံများလည်းရှိသည်။ အနောက်ဘက် နံရံဆင်းတုတော်ကြီး၏ ခဲယာတွင်လည်း မာရ်နတ်စစ်သည် ချီတက်ခန်းနှင့် ထွက်ပြေးခန်းပုံများ အကောင်းပကတိ ကျန်သေးသည်။



ဂူပြောက်ကြီး ဘုရားကို ရှေ့မျက်နှာစာမှ ဖူးတွေ့ရပုံ

အာရုံခံ၏တောင်ဘက်နံရံနှင့် မြောက်ဘက်နံရံရှိနံရံပန်းချီများကို ၁၈၉၉ ခုနှစ်တွင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တစ်ဦးက လွှများဖြင့်လှီးဖြတ်၍ ယူသွားခဲ့ရာ အချို့သာ ကျန်ရှိတော့သည်။ ဖြတ်ယူသွားသည့် လွှရာများနှင့် မနွာမီ ကပ်ထားသော သတင်းစာအချို့ ကျန်ရှိပါသေးသည်။


ဝက်ကြီးအင်း ဂူပြောက်ကြီးဘုရားတောင်ဘက်မြင်မတ်ရပ်ပုံ
၇



ကျွန်စစ်သားမင်းကောင်းမှုတော် ဝက်ကြီးအင်း ဂူပြောက်ကြီးဘုရားကို တောင်ဘက်မျက်နှာစာမှ ဖူးတွေ့ရပုံ



ဝက်ကြီးအင်း ဂူပြောက်ကြီးဘုရားအဝင်ဝမျက်နှာစာ
ရှုခင်းပသာဒကိုတွေ့ရပုံ



ဝက်ကြီးအင်း ဂူပြောက်ကြီးဘုရားကို ရှေ့မျက်နှာစာမှ ဖူးတွေ့ရပုံ

# ဝက်ကြီးအင်း ဂူပြောက်ငယ်

ဝက်ကြီးအင်း ဂူပြောက်ကြီး၏ အနောက်ဘက် ကိုက်နှစ်ရာအကွာတွင် တည်ရှိသည်။ ဝက်ကြီးအင်းဂူပြောက်ငယ်မှာ ဝက်ကြီးအင်း ဂူပြောက်ကြီးထက် စော၍ တည်ထားခဲ့သော အေဒီ ၁၁ ရာစုဆိုင်ရာ ရှေးဟောင်းလက်ရာ အဆောက်အအုံတစ်ခု ဖြစ်ပါသည်။

ဝက်ကြီးအင်း ဂူပြောက်ငယ်၏ ပုံပန်းသဏ္ဍာန်နှင့် အရွယ်အစားမှာ မြင်းကပါ ဂူပြောက်ကြီး၏ ပုံပန်းသဏ္ဍာန် အရွယ်အစားနှင့် ဆင်တူနေပါသည်။ ထူးခြားချက်မှာ ပုဂံတစ်ဝိုက်ရှိ ပန်းတော့ခေါ် အင်္ဂတေပန်းလက်ရာကောင်း ရှိသော ဂူဘုရားများအနက် တစ်ဆူအပါအဝင်ဖြစ်ပါသည်။ လိုဏ်အတွင်းတွင် အုတ်အင်္ဂတေဖြင့် ပြုလုပ်ထားသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီးများရှိပြီး လက်များကို ကျောက်ဖြင့် ပြုလုပ်ထားသည်ကို တွေ့ရသည်။

အဆိုပါ လက်အစိတ်အပိုင်းတစ်ခုကို ရှေးဟောင်းသုတေသနပြတိုက်သို့ သယ်ယူ ပြသထားရှိပါသည်။ ပုဂံပြတိုက်တွင် ခင်းကျင်းပြသထားရှိသော ၁၁ ရာစုဆိုင်ရာ ပန်းတမော့ ကျောက်ဆစ်လက်ရာ ဗုဒ္ဓရုပ်ပွားဆင်းတုအချို့မှာ အဆိုပါ ဂူပြောက်ငယ်ဘုရားအပေါ်ထပ်ရှိ စေတီရံများအတွင်းမှဖြစ်သည်။

ဂူပြောက်ငယ်စေတီ၏ လက်ရာထူးခြားချက်မှာ အခြားဘုရားများ၏ ကွမ်းထောင်များနှင့်မတူ တစ်မူထူးခြားစွာ တည်ဆောက်ထားရှိသည်။ ကွမ်းထောင်မျက်နှာပြင်တွင် မုခ်ကပ်အချိုင့်များကို အဝိုင်းပုံများပြုလုပ်ထားပြီး မူလက ဆင်းတုရုပ်တုများ ထားရှိခဲ့ဟန်တူပါသည်။

လိုဏ်အတွင်း မူလရေးနံရံဆေးရေးပန်းချီလက်ရာများရှိခဲ့သော်လည်း စစ်ကြီးအတွင်း လူများဝင်၍ နေထိုင်ပြီး ချက်ပြုတ်ကြော်လှော်ခဲ့ကြသဖြင့် ကျပ်ခိုးမှိုင်းများသင့်၍ မည်းမှောင်နေပါသည်။ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ တတုဗေဒဆေးဝါးများဖြင့် ရှေးဟောင်းသုတေသနဌာနမှ သန့်စင်ဆေးကြော လျက်ရှိသည်။



ဆင်းတု ရုပ်တုများထားရှိသည့်ကွမ်းထောင် ။ အချို့အဝိုင်းခွက်များတွင် ဂလက်မ အရွယ် ကျောက်ဗုဒ္ဓဆင်းတုများတွေ့ရပါသည်



သစ်ပင်ထန်းတောကြားတွင်ရှေးမူမပျက်တည်ရှိနေသည့် ဝက်ကြီးအင်းဂူပြောက်ငယ်ဘုရား



ဝက်ကြီးအင်းဂူပြောက်ငယ်ဘုရားအနီးမှ ထန်းတောအုပ်
အလှနှင့် ကျေးလက်ရှုခင်းသဘာဝကို တွေ့ရစဉ်



ဝက်ကြီးအင်းဂူပြောက်ငယ်ဘုရား တောင်ဘက်မျက်နှာစာမှ လေသာပြတင်းဆောင်များ



ဝက်ကြီးအင်းဂူပြောက်ငယ်ဘုရား အနောက်ဘက်မျက်နှာစာရှိ
မုခ်တံကဲဆောင်အထက်ပိုင်းမှ ပန်းကနုတ်အနုပညာလက်ရာများ



ဝက်ကြီးအင်းဂူပြောက်ငယ်ဘုရားအနောက်ဘက်မျက်နှာစာမှ
ဘီလူးပန်းဆွဲရုပ်များ

# သကျမုနိဘုရား


ညောင်ဦးမြို့အရှေ့ဘက် ချောက်ဘုရားလှတွင် တည်ရှိသည်။ မူလက တောကျောင်းဘုရားဖြစ်ခဲ့သည်။ အေဒီ ၁၂ ရာစုခန့်တွင် နရပတိစည်သူမင်းကြီး၏ မိဖုရား တည်ထားကိုးကွယ်ခဲ့သော ဝေဠုဝတီဘုရားအနီးတွင် တည်ရှိပြီး ထိုခေတ်ဆိုင်ရာ နံရံဆေးရေးပန်းချီနှင့် နံရံမင်တာများရှိသည်ကို ထောက်ဆ၍ နရပတိစည်သူမင်းလက်ထက် တည်ဆောက်ခဲ့သည်ဟု ယူဆရပါသည်။

မုခ်အနောက်လှည့်ဂူဘုရားဖြစ်ပြီး အာရုံခံ၏တောင်ဘက်နှင့်မြောက်ဘက် နံရံတွင် ဇာတ်ငါးရာ့ငါးဆယ်နှင့် အထက်ပိုင်းတွင် နှစ်ကျိပ်ရှစ်ဆူပုံတော်များ ရေးဆွဲထားရှိသည်ကို တွေ့ရသည်။


ထူးခြားချက်မှာ အာသောကမင်းကြီးသည် စေတီပေါင်း ရှစ်သောင်းလေးထောင်တည်ကြောင်း၊ အာသောကရာမကျောင်းတိုက်ကြီးတည်ဆောက်ခဲ့ကြောင်း၊ အာသောကမင်းကြီး၏သမီးတော် သင်္ဃမိတ္တာသည် မဟာဗောဓိညောင်ပင်မှ အပင်မျိုးကို သိန်းခိုကျွန်း (သီရိလင်္ကာနိုင်ငံ) သို့ ရွှေ့ပြောင်းသယ်ယူ စိုက်ပျိုးခဲ့ကြောင်း ပုံများကို မင်ရေးကမ္ပည်းစာများနှင့်တကွ ရေးသားထားရှိသည်ကို တွေ့ရသည်။ ထိုကဲ့သို့သော ပန်းချီလက်ရာမျိုး ပုဂံတစ်ဝိုက်တွင် ဤတစ်ဆူ၌သာတွေ့ရသည်။ ပန်းတော့ ခေါ် အင်္ဂတေအရုပ်နှင့် ပန်းလက်ရာကောင်းများရှိသော ဘုရားများအနက် တစ်ဆူအပါအဝင်ဖြစ်ပါသည်။

သကျမုနိဘုရား၏ တောင်ဘက်ကပ်လျက်ရှိ အနောက်လှည့်ဂူငယ် အမှတ် (၁၄၈) မှာလည်း အင်္ဂတေပန်းနှင့် နံရံဆေးရေးပန်းချီကောင်းရှိသော ဘုရားတစ်ဆူ ဖြစ်ပါသည်။


သကျမုနိဘုရားအတွင်း၌ ရှေးဟောင်းကျောက်စာနှစ်တိုင်ရှိသည်။



သကျမုနိတောင်ဘက် ဂူငယ် (၁၄၈) ၏ ကွမ်းထောင်ပေါ်မှ အနုစိတ်လက်ရာများ



သကျမုနိဘုရားပန္နက်ပုံ



သကျွမှုနိဘုရားတောင်ဘက်မုခ်ဆောင်မှ တံကဲ



ထနောင်းပင်အုပ်တို့အကြားတွင် ရှေးမူမပျက်တည်ရှိနေသည့် သက္ကျမုနိဘုရားကို အနောက်ဘက်မျက်နှာစာမှ ဖူးတွေ့ရပုံ



သက္ကျမုနိဘုရားမှ ကွမ်းထောင်ပုံပန်းတော့လက်ရာ



သက္ကျမုနိဘုရားကို အနောက်မြောက်ထောင့်မျက်နှာစာမှ ဖူးတွေ့ရစဉ်



သကျမုနိဘုရားတောင်ဘက်ဂူအပေါ်ပိုင်းမှ ကွမ်းတောင်ပုံအနုပညာလက်ရာများ



သကျမုနိဘုရားတောင်ဘက်ရှိဂူငယ် (၁၄၈) အား အနောက်ဘက်
မျက်နှာစာမှ ဖူးတွေ့ရပုံ



သဗ္ဗညုမုနိဘုရားထောင့်တိုင်ဖုံးပေါ်မှ ဘီလူးပန်းဆွဲနှင့်
ပန်းကနုတ်အနုပညာလက်ရာများ



သဗ္ဗညုမုနိဘုရား မြောက်ဘက် အာရုံခံတံကဲမှ ပန်းတော့အနုပညာလက်ရာများ



သကျမုနိဘုရားအပြင်မျက်နှာစာမှ ပန်းကနုတ်အနုပညာလက်ရာများကို တွေ့ရပုံ




သကျမုနိဘုရားအတွင်းမှ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ဖူးတွေ့ရစဉ်





သကျမုနိဘုရားအပေါ်   ပစ္စယာသိုတက်သည့်အတွင်းလှေကားနှင့်
အလင်းဝင်ပေါက်ပြတင်းကို   တွေ့ရစဉ်

သကျမုနိဘုရားမုခ်ကပ်ဆောင်တံကဲအထက်ပိုင်းမှ
ပန်းကနုတ်အနုပညာလက်ရာများကို   တွေ့ရပုံ



သကျမုနိဘုရားအတွင်းမှ ကမ္ပည်းကျောက်စာတိုင်



သကျမုနိဘုရားအတွင်းမှ နံရံဆေးရေးပန်းချီများကို တွေ့ရပုံ



သကျမုနိဘုရားအတွင်းမှ ရှေးရိုးနံရံဆေးရေးပန်းချီလက်ရာများကို တွေ့ရစဉ်

# ကုန်းတော်ကြီးဘုရား

ကုန်းတော်ကြီးဘုရားမှာ အထက်တွင် ဖော်ပြခဲ့ပြီး သကျမုနိဘုရား၏ တောင်ဘက်ကုန်းပေါ်တွင် တည်ရှိပါသည်။


တိုက်ခံစေတီပေါက်ဂူဘုရားဖြစ်ပြီး အရှေ့မှခံလှည့်ဂူဘုရားဖြစ်သည်။ နံရံ ဆေးရေးပန်းချီကောင်းရှိပြီး အာရုံခံနံရံများတွင် ဗုဒ္ဓဝင်ရုပ်ခန်းနှင့် ငါးရာ ငါးဆယ်ဇာတ်တော်များ အတင့်အတယ် ရေးခြယ်ထားရှိသည်။

တိုက်မပိုင်းမျက်နှာကြက်တွင် ထူးခြားသော ကနုတ်ပန်းများကြား၌ ငှက်နှင့် တိရစ္ဆာန်မောင်နှံစုံတွဲပုံများကို လှပစွာ ရေးဆွဲထားသည်။

အခြားထူးခြားချက်တစ်ခုမှာ နှစ်ကျိပ်ရှစ်ဆူသော ဘုရားများထံမှောက်၌ ဂေါတမဘုရားလောင်း ဗျာဒိတ်ခံဟန်ပုံများနှင့် အဝိဒူရေ ဗုဒ္ဓဝင်ခန်းများကို ကမ္ပည်းစာများနှင့်တကွ ရေးဆွဲထားရှိသည်။ လှပသော မျက်နှာကြက်ပန်းချီ အချို့မှာ ၁၉၇၅ ခု၊ ငလျင်ကြီးလှုပ်စဉ်က သုံးဆယ်ရာခိုင်နှုန်းခန့် ကွာကျ ပျက်စီးခဲ့ပါသည်။ အုတ်နံရံ အောက်ခံ အင်္ဂတေမှာ သဲဆန်သဖြင့် ပိုမိုကွာကျခဲ့ရခြင်းဖြစ်သည်။ ပန်းတော့ အင်္ဂတေပန်းလက်ရာ ထူးခြားကောင်းမွန်ပြီး ဘီလူးပန်းဆွဲများအတွင်းရှိ နတ်ရုပ်များနှင့် နဂါးပုံများမှာ ကောင်းမွန်လှပါသည်။



ကုန်းတော်ကြီးဘုရား




ကုန်းတော်ကြီးဘုရားပန္နက်ပုံ



ညောင်ဦးမြို့ကုန်းတော်ကြီးဘုရားကိုအနောက်တောင်ထောင့်မှမှုးတွေ့ရပုံ



ကုန်းတော်ကြီးဘုရားမုခ်တံကဲမှ ပန်းတော့
အနုပညာလက်ရာများကိုတွေ့ရစဉ်



ကုန်းတော်ကြီးဘုရားတံတိုင်းမြောက်ဘက်မုခ်အဝင်ဝနှင့် အတွင်းမှ
သကျမုနိ ဘုရားကိုတွေ့ရပုံ



ကန်တော်ကြီးဘုရား အနောက်တောင်ထောင့်မှ
ဘီလူးပုံ ပန်းတော့လက်ရာ



ကန်တော်ကြီးဘုရားအနောက်တောင်ထောင့်မှ နတ်ရုပ်ပန်းတော့အနုပညာလက်ရာများကို တွေ့ရစဉ်

# ကျောက်ဂူဥမင်

ညောင်ဦးမြို့အရှေ့ နှစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။ ပုဂံတွင် ကျောက်အုတ်များဖြင့် တည်ဆောက်ထားရှိသော အဆောက်အအုံလေးဆူတွင် တစ်ဆူအပါအဝင် ဖြစ်ပါသည်။

နံရံအပေါ်ပိုင်းတွင် ဘီလူးပန်းဆွဲတန်း၊ နံရံအောက်ပိုင်းတွင် ရွက်ချွန်းပုံ ပန်းထောင်များ၊ အဝင်မုခ်ဝ ဝဲယာတို့တွင် အောက်ခြေ၌ ကုမ္ဘက်ပုံများနှင့် ကြာပန်းများကြားတွင် ကိန္နရီ ကိန္နရာပုံ၊ ခြင်္သေ့၊ ကျား၊ သမင်၊ ယုန်၊ နတ် စသောပုံများပါ ကျောက်အုတ်များစီပြီး ထွင်းထုထားသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ အာရုံခံရှိ တိုင်မကြီးများ၏ အခြေပတ်လည်တွင်လည်း ကျောက်ပန်းခက်ကြီးများကို လှပစွာ ထွင်းထုထားပါသည်။

ကျောက်ဂူဥမင်မှာ သဲကျောက်ကမ်းပါးယံကြီးကိုမှီပြီး တည်ဆောက်ထားသည်။ အောက်ပိုင်းတွင် ကျောက်အုတ်များဖြင့်တည်ထားပြီး အပေါ်ပိုင်း အဆင့်နှစ်ဆင့်တွင် ရိုးရိုးအုတ်များဖြင့်စီထားရှိသည်။ နောက်ဘက်တွင် အလျားပေ ၅၀၀ ခန့်ကို အကွေ့အကောက် ဝင်္ကပါ များဖြင့် သဲကျောက်နံရံကို ထွင်းဖောက်ကာ ဥမင်လိုဏ်ခေါင်းများနှင့် တရားအားထုတ်ရန် အခန်းငယ်များ ပါဝင်ဖွဲ့စည်း တည်ဆောက်ထားသည်။

ကျောက်ဂူဥမင်မှာ မြောက်လှည့်ဂူကြီးဖြစ်ပြီး အရှေ့ဆောင်ခန်းမ ပတ်လည်တွင် မုခ်ကပ်အချိုင့်များရှိပြီး မုခ်ကပ်အချိုင့်များအတွင်း၌ ဗုဒ္ဓဝင် ရှစ်ခန်းရုပ်တုများ ထားရှိသည်။

ခန်းမရှိ အဓိက ဗုဒ္ဓရုပ်ပွားဆင်းတုကြီးမှာ သဲကျောက်များဖြင့်ထုလုပ် ထားပြီး ဝဲယာ အဂ္ဂသာဝကနှစ်ပါးများမှာလည်း ဖောင်းကြွထွင်းထုထားသည်။ ထို့ပြင် မျက်နှာကြက်ပိုင်း၌ ဝဲယာရံ ရဟန္တာနှစ်ပါးပုံကို ဖောင်းကြွထုလုပ် ထားရှိသည်။




အပေါ်ဆင့်လိုဏ်ပတ်လည်ဝဲယာတွင်းပြင်နံရံများ၌ လေးထောင့် မုခ်ကပ် ပေါင်း မြောက်မြားစွာပြုလုပ်ထားကာ မူလက ငါးရာ့ငါးဆယ်ဇာတ်ကွက်များ ရေးခြယ်ရန် ရည်ရွယ်ထားရှိဟန်တူပြီး ပြီးစီးအောင် ဆောင်ရွက်နိုင်ဟန် လက္ခဏာ မရှိပါ။


ဗိသုကာလက်ရာ ထူးခြားချက်တစ်ခုမှာ အောက်ထပ်လိုဏ်အတွင်း အလင်းရောင်ပေးသော မှန်းတည့်ပေါက်များ ထားရှိခြင်းပင်ဖြစ်သည်။ မှန်းတည့်ပေါက်ကို အပေါ်ထပ်အမိုးမှ တစ်ဆင့် နှစ်ဆင့်အလင်းရောင် ပေးထား သည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ မြောက်ဘက်မုခ်အဝင်ဆောင်၏ အထက် တွင်လည်း စေတီငယ်တစ်ဆူ တည်ဆောက်ထားသည်ကို ဖူးတွေ့နိုင်ပါသည်။




ကျောက်ဂူဥမင်အဝင်ဝမှ ပန်းတမော့ ကျောက်ဆစ်အနုပညာလက်ရာများ



ကျောက်ဂူဥမင်ပန္နက်ပုံ



ကျောက်ဂူဥမင်အပေါ်ထပ်ပန္နက်ပုံ



ကျောက်ဂူဥမင်ဖြတ်ပိုင်းပုံ



သစ်အုပ်၊ တောအုပ်တို့အကြားမှ ထိုးထွက်နေသည့် ကျောက်ဂူဥမင်အဆောက်အအုံကို မြောက်ဘက်မျက်နှာစာ ကုန်းမြင့်ပေါ်မှ တွေ့ရပုံ



ကျောက်ဂူဥမင်အတွင်းမှ စင်္ကြံလမ်းမကြီး



ကျောက်ဂူဥမင်အပြင်မျက်နှာစာကို အရှေ့မြောက်ထောင့်မှ တွေ့မြင်ရပုံ



ကျောက်ဂူဥမင်အနီးမှ ဘုန်းတော်ကြီးကျောင်းအဆောက်အအုံ



ကျောက်ဂူဥမင်ကိုအနောက်ဘက်မှခ်မျက်နှာစာမှ မြင်တွေ့ရပုံ




ကျောက်ဂူဥမင်အတွင်းမှ ဗုဒ္ဓရုပ်ပွားတော်ကို ဖူးတွေ့ရစဉ်



ကျောက်ဂူဥမင်အပေါ်ဆင့်အဝင်ဝ မျက်နှာစာမြင်ကွင်းကို တွေ့ရပုံ



ကျောက်ဂူဥမင်အတွင်းမှ
ကမ္ဗည်းကျောက်စာတိုင်



ကျောက်ဂူဉမင်မြောက်ဘက်မုခ်နံရံတွင်ထွင်းထုထားသော
ကျောက်ဆစ်အနုပညာလက်ရာများ



ကျောက်ဂူဉမင်မြောက်ဘက်မုခ်မှ ကျောက်ဆစ် ကုမ္ဘဏ်ရုပ်ကြွပုံ



ကျောက်ဂူဥမင် အရှေ့မြောက်ထောင့်အခြေမှ ကလသာအိုးပုံ
ကျောက်စီလက်ရာကို အနီးကပ်တွေ့မြင်ရပုံ



ကျောက်ဂူဥမင်အတွင်းရှိ ခန်းမတိုင်မကြီးများပေါ်မှ ပန်းကနုတ်လက်ရာများ





ကျောက်ဂူဥမင်မြောက်ဘက်မုခ်တွင် တွေ့မြင်ရသည့်
ပန်းတမော့ကျောက်ဆစ်အနုပညာလက်ရာများ



ကျောက်ဂူဥမင်အပြင်မျက်နှာစာအရှေ့မြောက်ထောင့်မှ ဘီလူးပန်းဆွဲပန်းကနုတ်လက်ရာများကို တွေ့ရပုံ



ကျောက်ဂူဥမင်မှ ကျောက်ပြားတစ်ပြားတည်းကို
အလင်းရောင်နှင့်လေဝင်ပေါက် ၂၄ ပေါက် ဖောက်၍
ပန်းများထွင်းထုထားသည် ကျောက်ပြတင်း



ကျောက်ဂူဥမင်အရှေ့မြောက်ထောင့်မှ ပန်းထောင်အနုပညာလက်ရာများ

# သမီးဖုက်နှင့် မြားသဥမင်

ပုဂံ–ညောင်ဦးတစ်ဝိုက်ရှိ ရှေးဟောင်း အဆောက်အအုံများအနက် ထူးခြားသော ဥမင်အမျိုးအစား အဆောက်အအုံများပင် ဖြစ်သည်။ ဥမင်လိုဏ်ဂူ နှစ်ဆူစလုံးမှာ ငှက်ပစ်တောင်၏ အရှေ့မြောက်ယွန်းတွင် တည်ရှိသည်။ ငှက်ပစ်တောင် အနီးတစ်ဝိုက်ရှိ ဥမင်လိုဏ်ဂူများအနက် သမီးဖုက်နှင့် မြားသဥမင်လိုဏ်ဂူ နှစ်ဆူမှာ မ လွှတ်တန်းကြည့်ရှုလေ့လာရန် ကောင်းသော နေရာများဖြစ်သည်။ သဲကျောက်တောင်နံရံများကို ထွင်းဖောက်ပြီး အပြင်ဘက်မှ အုတ်ရိုးနံရံများဖြင့် အခိုင်အမာစီကာ တည်ဆောက်ထားရှိသည်။ လိုဏ်ဂူအတွင်း တစ်ခန်းနှင့်တစ်ခန်း ဆက်သွယ်ကာ ဝင်္ကပါသဖွယ် နေရာများစွာ ပြုလုပ်ထားရှိသည်။ ပူပြင်းသော ရာသီဥတုဒဏ်မှ သက်သာရာရ၍ ရဟန်းသံဃာတော်များနှင့် ဥပါသကာများ တရားအားထုတ်ခြင်း၊ သီတင်းသုံးနေထိုင်ခြင်းများ ပြုလုပ်နိုင်ရန် ရည်ရွယ်တည်ဆောက်ထားရှိခဲ့ဟန်တူသည်။ အိန္ဒိယနိုင်ငံရှိ လိုဏ်ဂူ ပုံစံများကို အတုယူတည်ဆောက်ထားရှိသည်ဟု ယူဆရ၏။

မျှုတေထီးမင်း ငှက်ကြီး ဖြိုခွင်းခဲ့စဉ်က အဖြစ်အပျက်ဒဏ္ဍာရီ ပုံပြင်များနှင့် ဆက်စပ်၍ "သမီးဖုက်နှင့် မြားသ" ဟူသော အမည်များကို ပေးထားခဲ့ဟန်တူသည်။

မြောက်ဘက်ရှိ ဥမင်မှာ "မြားသဥမင်"ဟုခေါ်တွင်ပြီး လိုဏ်ဂူအတွင်း၌ ဥမင်အခန်းအသွယ်သွယ်ကို ဝင်္ကပါသဖွယ်ဆောက်လုပ်ထားရှိသည်။ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကိုလည်း တစ်ပါတည်း ထုလုပ်ထားရှိသည်။ ပုဂံခေတ်နံရံဆေးရေးပန်းချီကားအချို့ကို လိုဏ်ဂူနံရံအချို့၌ တွေ့မြင်နိုင်သေးသည်။

မြားသဥမင်၏ တောင်ဘက်အနီးတွင် သမီးဖုက်ဥမင်သည် တည်ရှိ၏။ မြားသဥမင်ကဲ့သို့ပင် သဲကျောက်တောင်ကို ဖောက်ထွင်းကာ အခန်းအသွယ်သွယ်ဖြင့် ပြုလုပ်ထားပြီး ဥပစာ၌ အုတ်ရိုးများ အခိုင်အမာစီကာ ဆောက်လုပ်ထားသည်ကို လေ့လာတွေ့ရှိနိုင်သည်။

ထိုလိုဏ်ဂူအတွင်းရှိ သက္ကရာဇ် ၇၉၇ ခုနှစ်ရေးထိုး၊ အင်းဝမိုးညှင်းမင်းတရားလက်ထက် တောင်တွင်းသချာ၏ ကုသိုလ်တော် မော်ကွန်းကျောက်စာအရ၊ ဤဥမင်လိုဏ်ဂူမှာ "ဝမ်းဘဲကျဥမင်"ဟူ၍ အမည်တွင်ခဲ့ကြောင်း သိရသည်။ ငှက်ပစ်တောင်တစ်ဝိုက်ရှိ ဥမင်လိုဏ်ဂူများမှာ အချို့ပုဂံခေတ်ကပင် တူးဖော်ပြုလုပ်ခဲ့ကြပြီး အချို့မှာ အင်းဝခေတ်တွင် ပြုလုပ်ခဲ့ကြကြောင်း သိရှိရ၏။





နရပတိစည်သူမင်းကြီးတည်ထားခဲ့သော သမိးဖုက်ဥမင်အဝင်ဝ လိုဏ်ဂူပေါက်များကို တွေ့ရပုံ



သမီးဝှက်ဥမင်လိုဏ်ဂူအား အရှေ့ဘက်မျက်နှာစာမှ တွေ့ရပုံ




သမီးဝှက်ဥမင်လိုဏ်ဂူအတွင်းမှ ဗုဒ္ဓရုပ်ပွား
ဆင်းတုတော်ကို ဖူးတွေ့ရစဉ်



သမီးဝှက်ဥမင်လိုဏ်ဂူအတွင်းမှ  စင်္ကြံလမ်းများကို
တစ်ဆက်တည်းတွေ့မြင်ရပုံ



သမီးဝှက်ဥမင်လိုဏ်ဂူအတွင်းမှ အင်းဝခေတ်နံရံဆေးရေးပန်းချီလက်ရာများကိုတွေ့ရစဉ်



သမိုးဇုက်ဥမင်ပန်က်ပုံ




မြားသဥမင်လိုဏ်ဂူစကြံလမ်းတွင် စိုက်ထူထားသော
ကမ္ပည်းကျောက်စာတိုင်



နရပတိစည်သူမင်းကြီး တည်ခဲ့သည့် မြားသဥမင်လိုဏ်ဂူ



မြားသဥမင်လိုဏ်ဂူအတွင်းမှ စကြံလမ်းကို တွေ့ရပုံ



မြားသဥမင်ပန္နက်ပုံ



မြားသဥမင်လိုဏ်ဂူအတွင်းမှ
ကျောက်စာတိုင်ကို  အနီးကပ်တွေ့ရပုံ



မြားသဥမင်လိုဏ်ဂူအတွင်းပိုင်းဖွဲ့စည်းထားပုံကိုတွေ့ရစဉ်



မြားသဥမင်လိုဏ်ဂူအဝင်ဝမုခ်ပေါက်ကို  တွေ့ရပုံ

# ငှက်ပစ်တောင်စေတီ

အမြင့် ၂၅ ပေခန့်ရှိ ကုန်းမြင့်ကမူ ငှက်ပစ်တောင်ထက်တွင် ငှက်ပစ်တောင် စေတီတော်နှစ်ဆူ တည်ရှိသည်။


ငှက်ပစ်တောင်၏ မြောက်ဘက်အခြေရှိ ဥမင်အတွင်း၌ အမြင့် ၁၄ ပေခန့်ရှိ ဘူမိဖဿမုဒြာဟန် ဆင်းတုတော်တစ်ဆူရှိသည်။

ဂေါတမဘုရား ဟူ၍ ဘွဲ့နာမံရှိ၏။ ငှက်ပစ်တောင်စေတီနှစ်ဆူအနက် တောင်ဘက်စေတီ၏ မြောက်နံရံတွင် "သက္ကရာဇ် ၇၂၆ ခုနှစ်၌ ဆင်းတုတော်ကို သိုက်တူး၍ ဖျက်ဆီးသောကြောင့် ငှက်ပစ်တောင် မဟာထေရ်က ပြင်ဆင်ထားကြောင်း" ကမ္ပည်းမင်စာများရှိသည်။


ငှက်ပစ်တောင်၏ တောင်ဘက်တွင် ငှက်ပစ်တောင်ဥမင်များရှိသည်။ အနောက်ဘက်တွင် ရှင်အရဟံအုတ်ကျောင်း တည်ရှိ၏။



ငှက်ပစ်တောင်ဘုရားအတွင်းမှ ဗုဒ္ဓရုပ်ပွားတော်များ



ငှက်ပစ်တောင် တောင်ဘက်ဘုရားပန္နက်ပုံ



ငှက်ပစ်တောင်   မြောက်ဘက်ဘုရားပန္နက်ပုံ




ညောင်ဦးမြို့တွင်တည်ရှိသည့် ငှက်ပစ်တောင်ဘုရား

# ရှင်အရဟံအုတ်ကျောင်း


ရှင်အရဟံအုတ်ကျောင်းသည် ငှက်ပစ်တောင်၏ အနောက်ဘက်တွင် တည်ရှိသည်။ ရှင်အရဟံအုတ်ကျောင်းတွင် အခြားသော ပုဂံခေတ် အုတ်ကျောင်းများကဲ့သို့ အရှေ့ဘက်ဥပစာ၌ မူလက ဓမ္မသာလာခေါ် တရားဟောဆောင် ရှိခဲ့သည်။ ဓမ္မသာလာဆောင်မှာ သစ်သားဆောင်ဖြစ်ပြီး အုတ်ကြွပ်မိုးခဲ့ဟန် လက္ခဏာရှိ၏။

အရှေ့ဘက်တွင် ဓမ္မသာလာဆောင်၏ အုတ်ခုံကျောက်တန်းများကို တွေ့ရှိနိုင်သည်။ ပြုပြင်မွမ်းမံစဉ် မူလကမိုးခဲ့သောအုတ်ကြွပ်ပြားမြောက်မြားစွာ တွေ့ရှိရပါသည်။ ကြွင်းကျန်နေသော အုတ်[illegible]တွင် မူလ ဓမ္မသာလာ သစ်သားဆောင်ရာ ကျန်ရှိနေသည်ကို [illegible]ည်။

ရှင်အရဟံအုတ်ကျောင်း၏ ထူး[illegible]ချက်တစ်ခုမှာ နောက်ဘက်တွင် အုတ်ကျောင်းနှင့်တစ်ဆက်တည်း အုတ်တံတိုင်းပါ တစ်ပါတည်း တည်ဆောက်ထားသည်ကို လေ့လာတွေ့ရှိရသည်။ အနောက်ဘက်တိုက်မပတ်လည်တွင် မူလကသစ်သားအပိဆောင်ရှိခဲ့သည်။ အရှေ့ဘက် ဓမ္မသာလာအုတ်ခုံပေါ်တွင် သစ်သားတိုင်အောက်ခံကျောက်ပြားဝိုင်းများ တူးဖော်တွေ့ရှိရပါသည်။



ရှင်အရဟံအုတ်ကျောင်းတော်



ရှင်အရဟံအုတ်ကျောင်းပန္နက်ပုံ



ရှင်အရဟံအုတ်ကျောင်းအတွင်းမှ တရားဟော
ပလ္လင်မှန်တံကဲကို တွေ့ရစဉ်



ရှင်အရဟံအုတ်ကျောင်းတည်ဆောက်ထားပုံအနေအထားကို တွေ့ရပုံ

# အလိုတော်ပြည့်ဘုရား

အလိုတော်ပြည့် စေတီတော်မြတ်မှာ ထီးလိုမင်းလို ဘုရား၏ အရှေ့တောင်ဘက်၊ အနော်ရထာလမ်းမကြီး၏ မြောက်ဘက်ဘေးရှိ စဉ့်စေတီ၏ အရှေ့ဘက်ရှိ ဘုရားစုတွင် အဓိကကျသော ဂူဘုရားတစ်ဆူဖြစ်၏။

အရှေ့မှခ်လှည့်ပြီး စေတီပေါက်ထားသည်။ အထက်ပစ္စယာများသို့တက်ရန် ကြောင်လိမ်လှေကားရှိ၍ အမိုးဆောင်များ၊ မူလ အုတ်အပေါက်ပြတင်းနှင့် မှန်စာများရှိသဖြင့် အေဒီ ၁၁ ရာစု ပုဂံခေတ်ဦးပိုင်းဆိုင်ရာ ဂူဘုရားတစ်ဆူ ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ဤဂူဘုရား၏ထူးခြားချက်မှာ တိုက်မ နံရံပတ်လည်နှင့် အလယ်မဏ္ဍိုင်ပတ်လည်တွင် ဗုဒ္ဓမြတ်စွာဘုရားသခင် သုတ္တန်တရားတော်များကို ဟောကြားနေဟန်ပုံများအပြည့်ရေးဆွဲထားသည်ကို တွေ့ရသည်။ သုတ္တန်အမည်များကို မှန်စာများဖြင့် ဖော်ပြထားရှိသည်။

"အလိုဝ်ပြည့်" ဟူသော အမည်နာမမှာ မူလအမည်ဖြစ်ကြောင်း၊ တိုက်မ အဝင် မုခ်တောင်ဘက်နံရံရှိ သက္ကရာဇ် ၅၅၆ ခုနှစ်၊ နံရံမင်ရေးကမ္ပည်းစာ (၁၆) ကြောင်းတွင် "အလိုဝ်ပြည့် မည်သောဂူကိုလွှတ်၏" ဟူ၍ ပါရှိသဖြင့် ခိုင်မာစွာ သိရှိရသည်။ ထို့ပြင် အဆိုပါ နံရံမင်စာအရ အနောက်ဘက်ရှိစေတီကိုလည်း "စဉ့်ပုထိုး" ဟူ၍ ဖော်ပြပါရှိသဖြင့် ပုဂံခေတ်တွင် စဉ့်အုတ်များဖြင့် တည်ထားသော စေတီပုထိုး တည်ထားကိုးကွယ်လေ့ရှိကြောင်း သိရသည်။

အလိုပြည့်ဂူဘုရားမှာ အဆိုပါ ဂူဘုရားအစုတွင် အဓိကကျသောဂူဘုရား တစ်ဆူဖြစ်ကြောင်း တံတိုင်းမီးတားတစ်ခုအတွင်း၌ ၎င်းနှင့်အတူ အခြားစေတီများ ပါရှိနေသောကြောင့်ဖြစ်သည်။


မူလက မုခ်ကပ်အချိုင့်များတွင် သံကျောက်ဖြင့် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များရှိခဲ့သည်။



ပုဂံမြေရှုခင်းအလှကို ကြည်နူးဖွယ်ရာတွေ့ရပုံ



ညောင်ဦးလေဆိပ်မှ ပုဂံသီရိပစ္စယာဟိုတယ်သွား အနော်ရထာလမ်းမကြီးလက်ယာဘက်တွင်တည်ရှိသည့် အလိုတော်ပြည့်ဘုရားကို မှုးတွေ့ရပုံ



အလိုတော်ပြည့်ဘုရားအတွင်းမှ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ်ဆူကို ဖူးတွေ့ရစဉ်



အလိုတော်ပြည့်ဘုရားရှိ လေသာပြွတင်းများနှင့်တံကဲအထက်ပိုင်းရှိ
ပန်းတော့ ဂ ၊၊ တွေ့ရပုံ



# ဥပါလိသိမ်

ပုဂံမှ ညောင်ဦးသွား ကတ္တရာလမ်း၏မြောက်ဘက်ဘေးကပ်လျက်တွင် တည်ရှိသည်။ ဥပါလိသိမ်၏ အနောက်ဘက်မုခ် မြောက်ဘက်နံရံတွင် အနော်ရထာမင်းကြီးနှင့် ဥပါလိမထေရ်တို့ သိမ်သမုတ်ကြောင်း နံရံမင်စာ ရှိသဖြင့် "ဥပါလိသိမ်" ဟု အမည်ခေါ်တွင်ခဲ့ဟန်ရှိသည်။

ဥပါလိသိမ်မှာ အတွင်းရှိ လှပသော ရောင်စုံနံရံပန်းချီများ ရှိနေသဖြင့်လည်းကောင်း၊ လမ်းဘေးအနီးကပ်လျက်တည်ရှိသဖြင့် ကြည့်ရှုလေ့လာရန် လွယ်ကူသဖြင့်လည်းကောင်း ပုဂံတစ်ဝိုက်တွင် နာမည်ကျော်ကြား လူသိများလျက်ရှိသည်။

ထိုအဆောက်အအုံရှိ နံရံပန်းချီများမှာ ကုန်းဘောင်ခေတ်လက်ရာများဖြစ်ကြောင်း မြောက်ဘက်မုခ်အတွင်း၌ "ပန်းချီဆွဲခ ၁၉၂၀ ကျပ်နှင့် ၁၁၅၆ ခုနှစ်တွင် သိမ်ကို ဆေးရေးဝင်သည်" ဟူသော မင်ရေးနံရံကမ္ပည်းစာများအရ သိရှိရသည်။

ပုဂံခေတ်မှလရှိခဲ့သော ဥပါလိသိမ် အုတ်ခုံဟောင်းပေါ်တွင် ကုန်းဘောင်ခေတ်၌ အသစ်ထပ်မံဆောက်လုပ်ထားခြင်းဖြစ်သည်။ လိုက်အတွင်း အနောက်ဘက်ပိုင်းတွင် အုတ်နံရံတစ်ခု၏ အရှေ့ဘက်နှင့် အနောက်ဘက်၌ ဗုဒ္ဓရုပ်ပွားဆင်းတုတော်နှစ်ဆူ ရှိပါသည်။

ဥပါလိသိမ်၌ မုခ်လေးဖက်ပါရှိသည်။ မူလက အရှေ့ဘက်မုခ်အထက်တွင် ပါဒစက်ဝုံ ခြေတော်ရာတစ်ခုပုံရှိခဲ့သည်။ ၁၉၇၅ ခု၊ ငလျင်ဒဏ်ကြောင့် ကွာကျပျက်စီးခဲ့သည်။ မျက်နှာကြက်တွင် လှပသော ရောင်စုံပန်းချီ "ကျက်တငို" ပုံအချို့မှာလည်း ကွာကျခဲ့သည်။ နံရံပတ်လည်တွင် နှစ်ကျိပ်ရှစ်ဆူ ဘုရားများ၏ တောထွက်ခန်းပုံများ ရေးဆွဲထားရှိသည်။ ဆင်ဖြူဖြင့်တောထွက်ခြင်း၊ မြင်းရထားဖြင့်တောထွက်ခြင်း၊ ခြေလျင်တောထွက်ခြင်း၊ မြင်းစီး၍ တောထွက်ခြင်း စသည်ဖြင့် ယာဉ်အမျိုးမျိုးဖြင့် တောထွက်ခန်းများနှင့် ဆံတော်ပယ်ခန်းများ ရေးဆွဲထားသည်။ အောက်တန်းများတွင် ဂေါတမမြတ်စွာဘုရား၏ ဝါဆိုစဉ်များ၊ ဝါဆိုရာဌာနများကို ရေးဆွဲ သရုပ်ဖော်ထားကြောင်း တွေ့ရသည်။



ဥပါလိ သိမ်အား အရှေ့ဘက်မျက်နှာစာမှ တွေ့ရပုံ



ပုဂံ–ညောင်ဦးသွား ကားလမ်းပေါ်တွင် တည်ရှိသည့် ဥပါလိသိမ်၊ ဥပါလိမထေရ် သမုတ်သောသိမ်ဖြစ်၍ ဥပါလိသိမ်ဟုခေါ်ခြင်းဖြစ်သည်



ဥပါလိသိမ်ရှေ့မျက်နှာစာအဝင်ဝကို တွေ့ရစဉ်၊ သိမ်အတွင်း၌ ကုန်းဘောင်ခေတ်ဆေးရေး နံရံပန်းချီလက်ရာများရှိသည်



ဉပါလိသိမ်အဆောက်အအုံအထက်ပိုင်းမှ   စိန်တောင်ပန်းခက်များ၊   စိန်တောင်ပန်းခက်များ၏အနုစိတ်လက်ရာများသည်
သစ်သားထွင်း   အနုပညာလက်ရာများနှင့်တူလှသည်

# ငါးမျက်နှာစေတီ (အိမ်ရာကျောင်းဘုရား)

ပုဂံဒေသတွင် ဘုရားပေါင်း နှစ်ထောင်ကျော်ရှိသည့်အနက် ငါးမျက်နှာဘုရား ၁၆ ဆူ ရှိရာတွင် တစ်ဆူအပါအဝင် ဖြစ်ပါသည်။

ပုဂံညောင်ဦးသွားကားလမ်း ဥပါလိသိမ်အနီး တောင်ဘက်ရှိ တံတိုင်းမီးတားနှင့် ငါးမျက်နှာဘုရား ဖြစ်ပါသည်။

အပေါ်ထပ်သို့တက်ရန် ကြောင်လိမ်လှေကားနှစ်စင်းရှိသည်။ စေတီပေါက် ဂူဘုရားတစ်ဆူဖြစ်ပြီး မူလက လိုက်အတွင်း၌ ဆင်းတုငါးဆူရှိခဲ့သည်။ ယခုအခါ ပျက်စီးလျက်ရှိနေပေပြီ။ အောက်ခံအုတ်ခုံမှာ (၁၀) မျက်နှာရှိသည်။


အိမ်ရာကျောင်းဘုရားဟုလည်း ခေါ်တွင်၏။ မူလက အရှေ့ဘက်မုခ်ဝဲယာနံရံတွင် ကပ်ထားသောကျောက်စာနှစ်ချပ် ရှိခဲ့သည်။ အဆိုပါကျောက်စာနှစ်ချပ်ကို ပုဂံမြို့ ရှေးဟောင်းသုတေသနပြတိုက် ကျောက်စာရုံသို့ ပြောင်းရွှေ့ထားရှိသည်။

အဆိုပါ ကျောက်စာအရ "နရပတိစည်သူမင်းကြီးတွင် သားတော်ငါးယောက်ရှိသည့်အနက် ကက်သူမင်းသားသည် သက္ကရာဇ် ၆၀၄ ခု၊ နတ်တော်လဆုတ် ၁၄ ရက်၊ ကြာသပတေးနေ့တွင် ကွယ်လွန်ခဲ့ရာ ဇနီးဖြစ်သူ ညောင်ရမ်းကြီးသမီး မင်းမယားသည် သံဝေဂရပြီး ကွယ်လွန်သော မိမိခင်ပွန်းနှင့် မိခင်၊ ဖခင်တို့အား ရည်မှန်း၍ မိမိ၏ အိမ်ရာတွင် ဂူဘုရား တည်ဆောက်ပြီး ကျွန်လှူခြင်း" စသော ကုသိုလ်ကောင်းမှုများ ပြုခဲ့ကြောင်း သိရှိရသည်။

မိမိ၏အိမ်နေရာတွင် ဂူဘုရားပြုလုပ်လှူဒါန်းခဲ့သဖြင့် "အိမ်ရာကျောင်းဘုရား" ဟူ၍ ယခုထက်တိုင် ခေါ်တွင်လျက်ရှိသည်။



ပုဂံမြေ ရှုခင်းအလှကို ဖော်ညွှန်းပြနေသည့်ရှေးဟောင်းဘုရားများ



ငါးမျက်နှာဘုရားပန္နက်ပုံ



ညောင်ရမ်းကြီးသမီးကောင်းမှုတော် အိမ်ရာကျောင်း ငါးမျက်နှာဘုရား
၁၁၇



ငါးမျက်နှာဘုရားမုခ်အဝင်ပေါင်းကူးမျက်နှာကြက်



ငါးမျက်နှာဘုရားကို ရှေ့မျက်နှာစာမှ ဖူးတွေ့ရပုံ

# ဗူးဘုရား

ဗူးဘုရားသည် ပုဂံမြို့ရိုးအနောက်မြောက်ထောင့် မြစ်ကမ်းပါးအနီးတွင် တည်ရှိသည်။ ဗူးဘုရားမှာ အေဒီသုံးရာစုတွင် ပျူစောထီးမင်း တည်ထားကိုးကွယ်ခဲ့သည်ဟု အစဉ်အလာအားဖြင့် ယုံကြည်လျက်ရှိကြ၏။ ဗူးဘုရား၏ ပုံသဏ္ဍာန်မှာ ပျူခေတ်တွင် တည်ထားလေ့ရှိသော အဆင်တန်ဆာမပါ စေတီအမျိုးအစားတစ်ဆူ ဖြစ်၏။

ပုဂံတွင် ခေါင်းလောင်းပုံစေတီ မပေါ်မီက ပျူခေတ်စေတီဖြစ်သည့် အောက်ရှုးအထက်ကား လုံးစောက်သောပုံသဏ္ဍာန်စေတီများ တည်ဆောက်လေ့ရှိသည်။ ပုံစံအားဖြင့် ကျွဲနွားရှောင်၊ ပေါက်ပင်ရာစေတီနှင့် သီရိပစ္စယာရွာ၏ မြောက်ဘက်ရှိ ထူပါလေးဆူတန်းကဲ့သို့ ဘုရားများ တည်ထားခဲ့ကြသည်။

အဆိုပါ စေတီပုံသဏ္ဍာန်များမှာ ပြည်မြို့ (မှော်ဇာအနီး) သရေခေတ္တရာ ပျူမြို့တော်ဟောင်းရှိ ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာ ဘုရားများနှင့် ဆင်တူသည်ဟု ဆိုရမည်။ အေဒီ ၁၁ ရာစု ပုဂံအနော်ရထာမင်း မတိုင်မီက ရှိနှင့်ပြီးဖြစ်သော ရှေးဟောင်းစေတီပုထိုးများ ဖြစ်သည်။

၁၉၇၅ ခုနှစ်တွင် ပြင်းထန်သော လျှောင်ကြီး လှုပ်စဉ်က စေတီတော်အောက်ခြေခုံသာ ကျန်ရှိတော့၏။ သို့ဖြစ်၍ ပြန်လည် တည်ဆောက်ရန် အောက်ခြေအုတ်မြစ်ကို တူးဖော်ခဲ့ရာ အနက် ၁၆ ပေတွင် မဟာယာနဆိုင်ရာ ဘုရားလောင်း အဝလောကိတေသွာရနတ်ရုပ်အချို့နှင့် လက်နှစ်ဖက်ဖြန့်ကားထားသော အဘယမုဒြာဟန်ပါသော ရုပ်ပွားဆင်းတုအုတ်ခွက်အချို့ ရရှိ၍ ယခုအခါ ပုဂံရှေးဟောင်း သုတေသနပြတိုက်၌ ပြသထားရှိပါသည်။ အဆိုပါ အုတ်ခွက်ဘုရားနှင့် နတ်ရုပ်များမှာ ပျူခေတ်လက်ရာများ ဖြစ်သည်။


ထို့ကြောင့် ပျူစောထီးမင်း တည်ထားကိုးကွယ်ခဲ့သည်ဟူသော အစဉ်အလာစကားကို ထောက်ခံလျက်ရှိပေသည်။



ဗူးဘုရားအား တောင်ဘက်မျက်နှာစာမှ ဖူးတွေ့ရပုံ




ပျူစောထီးမင်းကောင်းမှုတော်ဖြစ်သည့် ဘူးဘုရားကို အဝင်ဝမျက်နှာစာမှ ဖူးတွေ့ရစဉ်



• ဧရာဝတီမြစ်ကမ်းပါးတွင် တည်ရှိသည့် ဘူးဘုရားကို မြစ်အတွင်းမှ ဖူးတွေ့ရစဉ်



ဘူးဘုရားအာရုံခံတန်ဆောင်းအတွင်းမှ ဓမ္မစကြာမုဒြာဟန်ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ဖူးတွေ့ရစဉ်

# လောကနန္ဒာဘုရား

သီရိလင်္ကာနိုင်ငံ ရှေးအခေါ် သိန်းခိုပြည်မှ တတုသေနမင်းက အနော်ရထာမင်းထံ ဆက်သလိုက်သော စွယ်တော်ပွားကို ရတနာပန်းတောင်းတွင် ထည့်ကာ ဆင်ဖြူယာဉ်သာပေါ်သို့တင်၍ အဓိဋ္ဌာန်ပြုပြီး စေလွှတ်လိုက်သော အခါ ဧရာဝတီမြစ်ကမ်းပါး၊ သီရိပစ္စယာ ဒုတိယနန်းတော်ရာ၏တောင်ဘက် ပုဂံသဘော်ဆိပ်အနီး ကုန်းမြင့်ထက်တွင် ဆင်ဖြူယာဉ်သာသည် တုပ်ဝပ်၏။ ထိုနေရာတွင် အနော်ရထာမင်းကြီးသည် စေတီမြတ်တစ်ဆူ တည်ထား ကိုးကွယ်ခဲ့ရာ "လောကနန္ဒာ" ဟူ၍ ယခုထက်တိုင် ခေါ်တွင်၏။

ပုဂံဒေသ၏ထောင့်လေးထောင့်တွင် စွယ်တော်မြတ်လေးဆူတည်ရှိသည့် အနက် အနောက်တောင်ထောင့်တွင်ရှိသော တတိယမြောက် စွယ်တော်မြတ် ဘုရားတစ်ဆူဖြစ်သည်။

လောကနန္ဒာဘုရား၏ ဗိသုကာပုံသဏ္ဌာန်မှာ မျှနှင့် မြန်မာ အကူး အပြောင်းကာလတွင် တည်ထားသောပုံစံဖြစ်၍ ခေါင်းလောင်းပုံအထက်တွင် ကြာမှောက်ကြာလန်၊ ဘီလူးပန်းဆွဲ၊ သီရိဝစ္ဆ စသည့် အဆင်တန်ဆာများ မပါရှိပါ။ စင်းလုံးချော လုံးပတ်သဏ္ဌာန် ခေါင်းလောင်းပုံသာ တည်ဆောက် ထားရှိသည်။ ပြည်မြို့အနီး သရေခေတ္တရာ (မှော်ဇာ) ရှိ ဘောဘောကြီး စေတီတော်ကဲ့သို့ ရှည်မျောမျောပုံစံ၊ လုံးစောက်သောပုံသဏ္ဌာန်ကို မြန်မာမှု ကူးပြောင်း တီထွင် ဆောက်လုပ်ထားသည်ဟု သိရ၏။ လောကနန္ဒာစေတီ တော်၏ ခေါင်းလောင်းပုံမှာ မျှလက်ရာဆန်ဆန် ရှည်လျားပြီး အနားတွင် ကော့လန်ထားပါသည်။

ဖောင်းရစ်များမှာလည်း ဆတ္တဝလီ ထိုးဆင့်များကို ထိုးရွက်အတိုင်း ခုံးလျှောတစ်လှည့် အဖောင်းတစ်လှည့် အခြားစေတီတော်များနှင့်မတူ တစ်မူ ထူးခြားစွာ ပြုလုပ်ထားပါသည်။ ခါးပတ်ဖောင်းရစ်တွင်လည်း မှန်ကူကွက် သဏ္ဌာန် ပန်းခက်ကြီးများကို ဖောင်းကြွထွင်းထုထားရှိသည်။

အဆိုပါ ပုံစံမျိုး စေတီတော်တစ်ဆူကို လောကနန္ဒာဘုရားကြီး၏ မြောက်တည့်တည့် ဧရာဝတီမြစ်ကမ်းပါးပေါ်ရှိ ကျောက်မျက်မော်ဘုရားကြီး တွင် ဖူးတွေ့နိုင်သည်။ ထိုကျောက်မျက်မော်ဘုရားကြီးအတွင်းတွင် အတွင်း စေတီတစ်ဆူ ပေါ်နေသည်။ လောကနန္ဒာဘုရားအမည်မှာ ပုဂံခေတ် ကတည်းက မူလအမည်ဖြစ်ကြောင်း သိရပါသည်။

လောကနန္ဒာဘုရား၏အရှေ့ဘက်တန်ဆောင်း ကျောဘက်တွင် ပုဂံခေတ် ရေးထိုး ကျောက်စာတိုင်နှစ်တိုင်ရှိရာ တောင်ဘက်တိုင် ကြောင်းရေ (၂၀) တွင် "လောကနန်တာ" ဟူ၍ ဖော်ပြပါရှိသည်။

လောကနန္ဒာဘုရား၏အရှေ့ဘက်တန်ဆောင်းအတွင်းတွင် အနော်ရထာ မင်းကြီးလက်ထက် ထုလုပ်နေကျဖြစ်သော သဲကျောက်အမာစားတစ်လုံး တည်းကို ဓမ္မခန်ပြောဟ့ပလ္လင်ထက်တွင် အမြင့် ၆ ပေခန့်ရှိ ဆင်းတုတော်ပါ မူတွဲထားသော ဗျာန (သမာဓိ) မုဒြာဟန် ဆင်းတုတော်ကြီးတစ်ဆူကိုပါ ထုလုပ်ထားသည်။

အနော်ရထာမင်းကြီးလက်ထက်တွင် ဗျာနမုဒြာဟန် ဆင်းတုတော်ကြီး များကို တုတ်ခိုင်ခိုင်ထုလေ့ရှိပြီး ခြေဖဝါး၊ လက်ဖဝါးတို့တွင် ကြာမွှင့်များပါ ထုလေ့ရှိပါသည်။

ထိုပုံမျိုးကို ပုဂံပြတိုက်၌လည်းကောင်း၊ အနော်ရထာမင်း တည်သော ရွှေဆံတော် အရှေ့ဘက်နှင့် အနောက်ဘက်၌လည်းကောင်း တွေ့ရှိနိုင်ပါသည်။

၁၉၇၅ ခု၊ ငလျင်လှုပ်စဉ်က ကြာမှောက်၊ ကြာလန်ပိုင်းနှင့် ခရေ သီးပိုင်း ပြိုကျခဲ့ရာ မူလဖောင်းရစ်ပိုင်းအတွင်းမှ ကျောက်ဒွာပမှာကြွတ်တစ်ခု တွေ့ရှိခဲ့

ပါသည်။ ငှင်းအတွင်းတွင် သစ္စာကြုတ်တစ်ခု၊ ငှင်းသစ္စာကြုတ်ကို ဖွင့်ရာ အတွင်း၌ ကြေးနီကြုတ်၊ ငွေကြုတ်၊ ငှင်းအတွင်း၌ ရွှေကြုတ်၊ ရွှေကြုတ်အတွင်း၌ နမ်းစေ့အရွယ် ပုလဲရောင် ဓာတ်တော်များနှင့် သွားနှင့်သဏ္ဌာန်တူသော ကျောက်တစ်ခု ရရှိခဲ့ပါသည်။

အဆိုပါပုလဲရောင်ဓာတ်တော်များနှင့် သွားနှင့်ပုံသဏ္ဌာန်တူသောကျောက် တို့ကို ပြန်လည်ဌာပနာခြင်းပြုခဲ့ပြီး ကြုတ်များကို ပုဂံရှေးဟောင်းသုတေသန ပြတိုက်တွင် ပြသထားရှိပါသည်။

ငှင်းပြင် ပုဂံခေတ်ဦးပိုင်း ကြေးဆင်းတုတစ်ဆူနှင့် အဆင်တန်ဆာပါသော ဝဲယာရံ အဂ္ဂသာဝကနှစ်ဦးပုံပါသည့် ဝဲလက်တွင် အမြိုက်ရေစင်အိုးကိုင်၍ ယာလက် ဝရမုဒြာပြန် လာဘမုနိကြေးဆင်းတုတစ်ဆူ ရရှိခဲ့ရာ ယခုအခါ ပုဂံရှေးဟောင်း သုတေသနပြတိုက် အခန်းနံပါတ် ၁၉ နှင့် ၂၀ တွင် ပြသ ထားရှိပါသည်။

ထိုမှအပ ပုဂံ ရှေးဟောင်းသုတေသနပြတိုက်ထဲတွင် ပြသထားသော ကျောက်ခြေတော်ရာကြီးမှာလည်း လောကနန္ဒာဘုရားမှ ရရှိခဲ့လေသည်။


လောကနန္ဒာဘုရားမှာ သင်္ဘောဆိပ် ဖြစ်ခဲ့သည်ဟု မနူဟာဘုရား ကျောက်စာတွင် အထောက်အထား ပါရှိပါသည်။



နဂါးရုံဘုရားပေါ်မှရှုမြင်ရသည့် ပုဂံမြင်ကွင်းကျယ်အလှ



သိရိပစ္စယာရွာတောင်ဘက် ဧရာဝတီမြစ်ကမ်းနဖူးပေါ်တွင်တည်ရှိသည့် အနော်ရထာမင်းကောင်းမှုတော် လောကနန္ဒာစွယ်တော်စေတီကို ဖူးတွေ့ရစဉ်



လောကနန္ဒာစွယ်တော်စေတီတော်အထက်ပိုင်းမှ ခရေသီး၊ ထီးတော်နှင့် စိန်ဖူးတော်တို့ကိုဖူးတွေ့ရပုံ




လောကနန္ဒာစွယ်တော်စေတီအရှေ့ဘက်အာရုံခံတန်ဆောင်းအတွင်းမှ အနော်ရထာမင်းလက်ရာ
ကျောက်ဗုဒ္ဓဆင်းတုတော်ကြီး (ဈာနမုဒြာဟန်အနေအထား)

ပုဂံဒေသတွင် တည်ထားကိုးကွယ်ထားသော စွယ်တော်ဘုရား
လေးဆူကို ဖူးတွေ့ရစဉ်



လောကနန္ဒာစေတီ



ရွှေစည်းခုံစေတီ

တန့်ကြည်တောင်စေတီ



တူရွင်းတောင်စေတီ



# ပုဂံမြို့ အတွင်းစည်းခုံဘုရား

မြို့ရိုးအတွင်း နန်းတော်အနီး၌ တည်ရှိသဖြင့် "အတွင်းစည်းခုံ" ဟု၍ ခေါ်တွင်လာဟန်ရှိသည်။ ညောင်ဦးရွှေစည်းခုံမှာ မြို့ပြင်ဘက် အရှေ့မြောက် အရပ်တွင် တည်ရှိသည်။ အတွင်းစည်းခုံဘုရားမှာ နှစ်ထပ်စေတီ ဖြစ်၏။ အတွင်းစေတီကို ကွမ်းဆော်ကြောင်းဖြူမင်း တည်ထားကိုးကွယ်ခဲ့သည်ဟု ဆိုသည်။ အပြင်စေတီမှာ ကျန်စစ်သားမင်းက ထပ်မံ၍ တည်ထားခြင်း ဖြစ်သည်။ အတွင်းစည်းခုံဘုရားနေရာတွင် လွန်ခဲ့သောဘဝက ရှင်အရဟံ၊ မင်းမဟာဂီရိ၊ ကျန်စစ်သား၊ အလောင်းစည်သူ၊ ရခိုင်ဘုရင်သက်မင်းကတို့ တို့သည် တစ်ဦးဒုက္ခရောက်လျှင် တစ်ဦးက ပြန်လည်ကူညီကြရန် သစ္စာဆို ခဲ့သော နေရာဖြစ်သည်ဟု အစဉ်အလာ ပြောဆိုမှတ်သားလာခဲ့ကြသည်။

အတွင်းစည်းခုံဘုရားမှာ အောက်ခံလေးထောင့်ဘုတ်ခုံခံ မြေစိုက်စေတီ တစ်ဆူ ဖြစ်သည်။ မြောက်ဘက်ပစ္စယာတွင် မြို့လယ် စနိုနတ်နန်းရှိပြီး ယင်းနတ်နန်းအနီးတွင် သစ်သားရုပ် နတ်ညီနောင်ပုံတော်နှစ်ခု ရှိသည်။

အတွင်းစည်းခုံ တံတိုင်းဝင်းအတွင်း၌ တောင်ဘက်တွင် စေတီနှစ်ဆူ၊ အရှေ့ဘက်တွင် မျက်တော်ပြေဘုရား၊ မြောက်ဘက်တွင် ဗုဒ္ဓရုပ်ပွား ကျောက်သားဆင်းတုတော်ကြီးနှင့် ဘုတ်ကျောင်းပျက်တစ်ဆူ ရှိသည်။



အတွင်းစည်းခုံစေတီမှ ဗုဒ္ဓရုပ်ပွားတော်နှင့် အစောင့်နတ်ရုပ်များ



ပုဂံမြို့ရိုးအတွင်း   နန်းတော်အနီးဒွိတည်ထားခဲ့သော   အတွင်းစည်းခုံဘုရား



အတွင်းစည်းခုံပေါ်မှ ကလသာအိုးပုံစေတီရံနှင့်
မြို့လယ် စန္ဒိနတ်နန်း



အတွင်းစည်းခုံအထက်ပစ္စယာအနောက်မြောက်ထောင့်မှ
ကလသာအိုးပုံစေတီရံ

# ပုဂံမြို့ မျက်တော်ပြေဘုရား

အတွင်းစည်းခုံဘုရားတံတိုင်းဝင်းအတွင်း၊ အတွင်းစည်းခုံဘုရား၏ အရှေ့ဘက်တွင် တည်ရှိသည်။ ကုလားကျောင်း တိုက်ခံစေတီပေါက်ဖြစ်ပြီး မုခ်အရှေ့လှည့်သည်။ လိုဏ်အတွင်း၌ ဆင်းတုတော်ကြီးတစ်ဆူ ရှိသည်။ မျက်တော်ပြေဘုရား၏ အတွင်းပိုင်း၌ ကွမ်းထောင်ပုံ စေတီတစ်ဆူ ရှိသည်ကို မပြုပြင်မီ ဌာပနာပေါက်အတွင်းမှ မြင်နေရပေသည်။

မျက်တော်ပြေဘုရားကို ကျန်စစ်သားမင်း တည်ထားကိုးကွယ်ခဲ့သည်ဟု အစဉ်အလာအားဖြင့် ယုံကြည်ကြသည်။ မျက်တော်ပြေဘုရားကို တည်ထားရခြင်းမှာ အပြစ်တစ်ခုကြောင့် တည်ရခြင်းဖြစ်သည်ဟု ဆို၏။

ကျန်စစ်သားမင်း လက်ထက်တွင် သစ္စာပြုဘက်ဖြစ်သော ရခိုင်ဘုရင်သက်မင်းကတုံသည် ပုန်ကန်ခြားနားလေ၍ နိမ်နင်းရန် စစ်သည်ရဲမက်များကို စေလွှတ် ဖမ်းဆီးစေခဲ့သည်။ ထိုစဉ် သက်မင်းကတုံကို အရှင်ဖမ်းမိခဲ့ရာ ကွပ်မျက်မည်ပြုစဉ် သစ္စာပြုဘက် ရှင်အရဟံသည် ရှေးဘဝက သက်မင်းကတုံနှင့် တစ်ဦးဒုက္ခရောက်လျှင် တစ်ဦးက ကူညီရမည်ဖြစ်ကြောင်း သစ္စာပြုခဲ့ကြပုံကို ရှင်းလင်း ပြောပြရာ ကျန်စစ်သားမင်းကြီးသည် အမျက်တော်ပြေခဲ့ပြီး သက်မင်းကတုံကို အသက်ဘေးမှ လွှတ်စေခဲ့သည်။

ထိုအပြစ်အမျက်ကို အကြောင်းပြုပြီး သစ္စာပြုခဲ့ကြသည့်နေရာတွင် တည်ထားကိုးကွယ်ခဲ့၍ မျက်တော်ပြေဘုရားဟူ၍ ယနေ့ထက်တိုင် အမည်တွင် ကျန်ရစ်ခဲ့လေသည်။





မျက်တော်ပြေဘုရားကျောက်စာတိုင်



မျက်တော်ပြေဘုရားနှင့်  အတွင်းစည်းခံဘုရားကို
အရှေ့တောင်ထောင့်မျက်နှာစာမှ  ဖူးတွေ့ရစဉ်



ကျွန်စစ်သားမင်းကြီး၏ကောင်းမှုတော်  မျက်တော်ပြေဘုရားကို  အရှေ့ဘက်မုခ်ဝမျက်နှာစာမှ  ဖူးတွေ့ရပုံ
တစ်ဝန်းတည်းကပ်လျက်ရှိသောဘုရားမှာ  အတွင်းစည်းခံဘုရား  ဖြစ်သည်။



မျက်တော်ပြေဘုရားအတွင်းမှ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ဖူးတွေ့ရစဉ်



မျက်တော်ပြေ အထက်ပစ္စယာမှ စေတီရံနှင့် ခြသေ့်ပုံ

# ပုဂံ ရှေးဟောင်းသုတေသနပြတိုက်မှ ရုပ်တု၊ ဆင်းတုများ

ပုဂံမြို့ ရှေးဟောင်းသုတေသနပြတိုက်ကို ၁၉၀၄ ခုနှစ်တွင် အာနန္ဒာဘုရားကြီး မြောက်ဘက်မုခ်အနီး၌ စတင်တည်ထောင် ဖွင့်လှစ်ကာ ပြသထားရှိသည်။ ထိုပြတိုက်တွင် ပြသထားသော ရှေးဟောင်းပစ္စည်းများမှာ ကမ္ဘည်းကျောက်စာဝန် မစ္စတာ တော်စိန်ခို စုဆောင်းထားရှိသော ရှေးဟောင်းပစ္စည်းများ၊ ၎င်းပြတိုက်အနီးရှိ အာနန္ဒာကျောင်းတိုက်မှ ဘုန်းတော်ကြီးဦးစိန္တာဝါသနာအရ စုဆောင်းသိမ်းဆည်းလာခဲ့သော ရှေးဟောင်းပစ္စည်းများ စသည်တို့ ပါဝင်ပါသည်။

ထို့ပြင် ပုဂံဘုရားများမှ လုံခြုံမှု မရှိသဖြင့် ရွှေ့ပြောင်းသယ်ယူလာသော ဆင်းတု၊ ရုပ်တုများ၊ ရှေးဟောင်းပစ္စည်းအသုံးအဆောင်များ၊ ရွှေစည်းခုံဘုရားမှ စုဆောင်း ရရှိသော ကြေးဖားစည်နှင့် ဝသုန္ဒြေရေရုပ်တု စသည်တို့လည်း ပါဝင်သည်။

ရှေးဟောင်းပစ္စည်း အများစုမှာ ပုဂံမြို့ဟောင်းမှ တူးဖော်ရရှိသော ပစ္စည်းများ၊ ၁၉၇၅ ခု၊ ငလျင်ကြီးလှုပ်စဉ် ဘုရားများ ပြိုကျရာမှ တွေ့ရှိသော ဌာပနာပစ္စည်းများ၊ ကြေးဆင်းတုနှင့် မြေမီးဖုတ်အုတ်ခွက်ဘုရားများ၊ ဖန်ကြွတ်နှင့် ကြေးရုပ်များ စသည်တို့ ပါဝင်ပါသည်။

အချို့သော ရှေးဟောင်းပစ္စည်းများမှာ ဘုရားများကို ပြုပြင်ရန် သဲခဲရှင်းထုတ်ရာမှ တွေ့ရှိသော ရှေးဟောင်းပစ္စည်းများ ဖြစ်သည်။ အာနန္ဒာဘုရားအနီးရှိ ပြတိုက်မှာ ရှေးဟောင်းပစ္စည်းများဖြင့် ပြည့်ကျပ်နေ၍ ခေတ်မီစနစ်ဖြင့် ပြသထားရှိနိုင်ရန် ယခုပြတိုက်သစ်ကို ဆောက်လုပ်ကာ ၁၉၇၉ ခုနှစ်၊ အောက်တိုဘာ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ် ပြသခဲ့သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ပုဂံဘုရားများရှိ မူရင်းဗုဒ္ဓရုပ်ပွားတော်၊ ဆင်းတုများမှာ မကြာခဏဆိုသလို မသမာသူများ၏ ခိုးယူခြင်းကို ခံခဲ့ရသည်။ သို့ဖြစ်၍ ဘုရားများတွင် ရှိသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ပင့်ဆောင်ကာ ရွှေ့ပြောင်းပြသခဲ့ရသည်။ မူရင်း ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များကို ပလတ်စတာဖြင့် ပုံစံတူပြုလုပ်သွန်းလောင်း၍ မူလရွှေ့ပြောင်းယူခဲ့သောနေရာများ၌ အစားထိုး ပြန်လည်ထားရှိခဲ့ပါသည်။ ပြသထားသော ရှေးဟောင်းပစ္စည်းများအနက် ၁၉၇၅ ခု၊ ငလျင်လှုပ်ရာမှ တွေ့ရှိသော ရှေးဟောင်းပစ္စည်းများမှာ လက်ရာ ထူးခြား ပြောင်မြောက်လှပါသည်။ အထူးသဖြင့် အန္တရဂူကျောက် ဗုဒ္ဓဝင်ရှစ်ခန်းရုပ်တုများမှာ စပါးလုံးတစ်ထောက်အရွယ် "လူလည်းမက၊ နတ်တမျှ" ရုပ်တုများကို အသေးစိတ် ခြယ်မှုန်းထုလုပ်ထားသဖြင့် အလွန်လက်ရာကောင်းမွန်ပြီး ရှားပါးလက်ရာများ ဖြစ်ပါသည်။ ငလျင်ဒဏ်ကြောင့် ဘုရားအချို့ အမိုးပေါင်းကူးနှင့် ဦးခေါင်းတော်များ ပျက်စီးခဲ့ရာ ဦးခေါင်းတော်များအတွင်းမှ အန္တရဂူဗုဒ္ဓဆင်းတုတော်များ ရရှိခဲ့ပါသည်။

ခင်းကျင်း ပြသထားသော ပစ္စည်းများအနက် ရှားပါး ထူးခြားသည့် ပစ္စည်းမှာ ရောင်စုံခြယ်မှုန်းထားသော အဝတ်စ ပန်းချီများပင် ဖြစ်သည်။ ဘုရားများအတွင်း၌ ဌာပနာထားခဲ့ရာ လေ၊ နေ၊ မိုး စသော ရာသီဥတုဒဏ် မခံရသဖြင့် မူလ အရောင်များအတိုင်း တည်ရှိနေသည်။ ပုဂံခေတ်ပန်းချီမှာ ဆေးရောင်စုံ သုံးစွဲနိုင်ပြီး ဝါဂွမ်းကို အလွန်နုစွာ ရက်လုပ်နိုင်နေပြီဖြစ်ကြောင်း ကောက်ချက်ချနိုင်သည်။

ခင်းကျင်းပြသထားသော ဗုဒ္ဓရုပ်ပွား၊ ရုပ်တုဆင်းတုများမှာ မျှုခေတ်၊ ပုဂံခေတ်ဦးပိုင်း၊ ခေတ်လယ်ပိုင်း၊ ပုဂံခေတ်နှောင်းပိုင်း၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်လက်ရာများ ဖြစ်သဖြင့် ခေတ်အလိုက် ဆင့်ကဲဖြစ်စဉ်ကို လေ့လာကြည့်ရှုနိုင်ပါသည်။ အများအားဖြင့် ကြေးဆင်းတု ရုပ်တုများ၊ ကျောက်ဆင်းတု ရုပ်တုများ၊ သစ်သားရုပ်တုများ၊ စဉ့်ထည်ပစ္စည်းများနှင့် မြေထည်ပစ္စည်းအချို့ ပါဝင်ပါသည်။



ပုဂံပြတိုက်တွင် အကောင်းဆုံး လက်ရာဖြစ်သော အနန္တ ကျောက်ဆစ်ပန်းပု အနုလက်ရာ
ဗုဒ္ဓဝင်ရုပ်ခန်း အပါအဝင် ရုပ်ပုံပေါင်း ၇၈ ပုံပါရှိသည်။ ၁၉၅၄ ခုနှစ်က ဥပါလိသိမ်
အရှေ့မြောက်ဘက် ဂူမျက်ငယ်အတွင်း သဲ ခဲ ရှင်းလင်းရာမှ ရရှိသည်။



ကျောက်ဂူဥမင်မှ ရရှိသည့် အေဒီ-၁၁ ရာစု
လက်ရာ ဗုဒ္ဓရုပ်ပွားတော်



ပြတိုက်ကျောက်စာရုံအမှတ် (၁) တွင်
ပြသထားသောကျောက်စာတိုင်အမှတ်
(၁၆၀)



ပြတိုက်တွင်ပြသထားသည့် လာဘမုနိဘုရားပုံတော်



ပုဂံပြတိုက်တွင်ပြသထားသော ၁၉၇၅ ခုနှစ် ငလျင်လှုပ်စဉ်က မြင်းပြင်ဘုရားဟောင်း ရစ်ပိုင် ပြိုကျရာမှ
တွေ့ရှိသည့် ရွှေချည်စိမ်ကြေး နီဗောင်း ကြွကြွရုပ် ပုံတော် ( ပဌမဓမ္မစကြာဟောခန်း)



ကြေးကြုတ်



ရွှေကြုတ်

လောကနန္ဒာဘုရားမှ ရရှိခဲ့သည့် ဓာတ်တော်ဌာပနာကြုတ်များ



ငွေကြုတ်



ပုဂံပြတိုက်တွင် ပြသထားသော ဗုဒ္ဓဆင်းတုတော် အဖြူရောင် အန္တဂူကျောက်ဖြင့် ထုထားသည်။
အပေါ်မှ နဂါး ၇ ကောင်ကို နက်ပြာရောင် အန္တဂူကျောက်ဖြင့် ထွင်းထုထားသည်။

# တုရင်တောင်စေတီ

အနော်ရထာမင်းကြီးသည် သီရိလင်္ကာနိုင်ငံ ရှေးအခေါ် သိန်းခိုပြည်မှ ဓာတုသေနမင်းကြီး ဆက်သလိုက်သော စွယ်တော်မြတ်ကို ရွှေစည်းခုံ၊ တန့်ကြည့်တောင်၊ လောကနန္ဒာစေတီများ၌ တည်ထားကိုးကွယ်ခဲ့သကဲ့သို့ အဓိဋ္ဌာန်ဖြင့် နောက်ထပ်ပွားသော စွယ်တော်မြတ်ကို ဆင်ဖြူယာဉ်သာထက် တင်ပြီးသော် စွယ်တော်မြတ် ကိန်းဝပ်တော်မူလိုသောအရပ်၌ ဆင်ဖြူယာဉ်သာ တုပ်ဝပ်စေသောဟူ၍ လွှတ်တော်မူသောအခါ တုရင်တောင်ထက်တွင်ဝပ်သဖြင့် ဆင်ဖြူတုပ်ဝပ်သောနေရာတွင် စေတီတည်ပြီး စွယ်တော်မြတ်ကို ဌာပနာခဲ့သည်ဟု အစဉ်အလာအားဖြင့် မှတ်သားလာခဲ့ကြသည်။


အောက်ခြေတွင် ဆင် ၃၂ ကောင်ခံပြီး လောကနန္ဒာဘုရားကဲ့သို့ အောက်ခြေတွင် ဖိနပ်တော်ရစ်မြောင့်ခံ၍ ခေါင်းလောင်းပုံသဏ္ဌာန်ဖြင့် တည်ဆောက် ထားရှိသည်။ "တုရင်တောင်" ဟူသောအမည်မှာ ပုဂံခေတ် အမည်ပင်ဖြစ်၏။ ကာလရွေ့လျော၍ တူရွင်းတောင်ဟူ၍လည်းကောင်း၊ တဝင်းတောင် ဟူ၍လည်းကောင်း ပြောင်းလဲခေါ်ဝေါ်နေကြပေသည်။

တုရင်တောင်ဟူသော မူလဝေါဟာရကို တုရင်တောင်စေတီတော်အနီးရှိ ကျောက်စာရုံအတွင်း ကျောက်စာ ၃ တိုင်အနက် အလယ်တိုင်၌ "တုရင်" တောင်ထက် စောရဟန် သိမ်ဖျက်ခဲ့ရကားဟူ၍လည်းကောင်း၊ ရှင်ဥာမကို ကျောက်စာတွင် "အရှေ့တုရင်သို့ ထွက်တော်မူလတ်သောအခါနှိုက်လျှင်" ဟူ၍လည်းကောင်း၊ တုရင်တောင်ပေါ်ရှိ စွယ်တော်ဘုရားကျောက်စာ၌ "တုရင် တောင်ထက် ငရိုက်သင် ပုထိုး တလုံးလှူသော ယာ ၄ ပယ်" ဟူ၍လည်းကောင်း ပါရှိသဖြင့် မူလအမည်မှာ တုရင်တောင်ဖြစ်ကြောင်း သိရသည်။

တုရင်တောင်မှာ လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ့်ငါးသန်းခန့်က ဖြစ်ပေါ် ခဲ့သော သဲကျောက်တောင်ဖြစ်သည်။

ရွှေစည်းခုံဘုရား တည်စဉ်က အဆိုပါ တုရင်တောင်မှ ကျောက်များကို ဆစ်၍ လူများ လက်ဆင့်ကမ်း၍ သယ်ယူခဲ့သည်ကို ကျောက်ဆစ်ရာများ တွေ့ရှိခြင်းက သက်သေခံနေပါသည်။ တုရင်တောင်မှ ကျောက်အချို့ကြားတွင် နှစ်ပေါင်း ၂၅ သန်းမှ သစ်ရွက်အရာများကို ကြားညှပ်လျက် တွေ့ရသည်။

ကျောက်တွင် သစ်ရွက်ပါသော ကျောက်အစိတ်အပိုင်းအချို့ကို ယခုအခါ ပုဂံ ရှေးဟောင်းသုတေသနပြတိုက်သို့ သယ်ဆောင်ပြသထားရှိပါသည်။



အနော်ရထာမင်းကောင်းမှုတော်   တုရင်တောင်စွယ်တော်စေတီ



ဧရာဝတီမြစ်နောက်ခံဖြင့် ပုဂံရှုခင်းကို တွေ့မြင်ရစဉ်



နဂါးရုံဘုရားပေါ်မှ မြောက်ဘက်ဆီသို့ရှုခင်း

ပုဂံဘုရားပုထိုးများကို အဝေးမှ ဖူးမြင်ရစဉ်



သဗ္ဗညုဘုရားပေါ်မှ အရှေ့တောင်သို့ရှုခင်း



နဂါးရုံဘုရားပေါ်မှ မြောက်ဘက်ဆီတွေ့မြင်ရသော ပုဂံရှုခင်း



နဂါးရုံဘုရားပေါ်မှ အနောက်မြောက်ဘက်သို့ရှုခင်း


# ကျေးဇူးတင်ရှိခြင်း

ပုဂံဘုရားပုထိုးများစာမူကိုပြုစုပေးကြသော ရှေးဟောင်းသုတေသနဦးစီးဌာန၊ ပုဂံပြတိုက်မှ သုတေသနအရာရှိ ဦးအောင်ကြိုင် (မင်းဘူးအောင်ကြိုင်)၊ စိစစ်တည်းဖြတ်ပေးသော ဦးသန်းဆွေ (အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူး) အားလည်းကောင်း၊

ဆေးရောင်စုံဓာတ်ပုံများရိုက်ကူးပေးသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးလှအေး (ဦးစီးအရာရှိ-ဓာတ်ပုံ)၊ ဓာတ်ပုံဆရာ ဦးအောင်တင်နှင့် ဓာတ်ပုံဝန်ထမ်းများအားလည်းကောင်း၊

ပုဂံဘုရားပုထိုးများစာအုပ် (ဒုတိယတွဲ) ကို ပြင်ဆင်မွမ်းမံပေးသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာတည်း ဦးကျော်ဒေးယျနှင့် စာတည်း ဦးကျော်မြင့်တို့အားလည်းကောင်း၊

သေသပ်လှပစွာ ပုံနှိပ်ပေးသော ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ စက်ရုံမှူးဦးကျော်သူ၊ ဦးလှိုင်ဝင်းခေါင်နှင့် အဖွဲ့သားများအားလည်းကောင်း ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။


ပုဂံဒေသတည်နေရာပြမြေပုံ
ရည်ညွှန်းချက်
ကျောက်ခင်းလမ်း
ကျောက်မခင်းရသေးသောလမ်း
လှည်းလမ်း
မြို့ရိုးတံတိုင်း
စေတီ၊ ပုထိုး၊ ဘုရား
ဥမင်
ချောင်း
ဧရာဝတီမြစ်
ညောင်ဦး
ဆပဒ
ရွှေစည်းခုံ
မြင်းကပါ
သက်သီး
သမီးဝှက်ဥမင်
ဘူးဘုရား
ဘုရားသုံးဆူ
အနောက်ဘုရားစော
မြင်းကပါ
ကျွန်းစဉ်ကြီး
ကန်းအနန်းကြီး
မိုးကိုးချောင်း
မိုင်
မိုင်
N
S
E
W
94°50′
55′
94
14
10
5
21